မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၆)၊ အမှတ်(၀၀၈)

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုစဉ်။

ယနေ့ မိုးလေဝသ

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။

ရန်ကုန်

နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။

မန္တလေး

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ယနေ့ ဖတ် စ ရာ

နိုင်ငံတကာပညာသင်ဆုများမှ တစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်း တက်ရောက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိ

လွှတ်တော်ရေးရာ ➢ ၈

ရထားလမ်းကူးအန္တရာယ် ကင်းရှင်းရေး သင့်တာဝန် မှသည် လူတိုင်း၏ အသက်ကို ကာကွယ်ပါ...

ဆောင်းပါး ➢ ၁၀

ကမ္ဘာတစ်ဝန်းမှ စီးပွားရေး ခေါင်းဆောင်များ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆွေးနွေး

နိုင်ငံတကာသတင်း ➢ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဿရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဿရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ★

ဘားအံမြို့နယ် ရသဝေါကျေးရွာ ပါရမီအင်းအတွင်း ငါးမျိုးစုံ ကောင်ရေ တစ်သိန်းကို စုပေါင်းစိုက်ထည့်ပေး

ဘားအံ အောက်တိုဘာ ၇

ပြည်နယ်အတွင်း ငါးသယံဇာတများ တိုးပွားစေရေးနှင့် ငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး အထောက်အကူပြုစေရန်ရည်ရွယ်၍ ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ရသဝေါကျေးရွာ ပါရမီအင်းအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲအခမ်းအနားကိုကျင်းပပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ

စာမျက်နှာ ၃ ကော်လံ ၁ ✻



သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးဌာန ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေး

စာမျက်နှာ ၃ ကော်လံ ၃ ✪

ချင်းပြည်နယ် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးနှင့် သူနာပြုသိပ္ပံကျောင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၇

ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်ပြုပြင်ခြင်းလုပ်ငန်း၊ သူနာပြုအိမ်ရာ ရှစ်ခန်းတွဲ RC နှစ်ထပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်း၊ ဆရာဝန်အိမ်ရာ လေးခန်းတွဲ RC နှစ်ထပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်း၊ ဖလမ်းမြို့ သူနာပြုသိပ္ပံ ဘွဲ့နှင်းသဘင်ခန်းမဆောင် RC တစ်ထပ်အဆောက်အအုံ၊ သင်တန်းသူ အိပ်ဆောင်၊ စာသင်ဆောင်နှင့် ကျောင်းအုပ်ကြီးရုံးခန်း အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၃ ▼



ပန်းတိုင်ရည်မှန်းချက်နှင့်အညီ ဝါသီးနှံအထွက်တိုးရန် ကြိုးပမ်း

လူသုံးမိုင်း ရှေဦးကာလမှသည် မျက်မှောက်ကာလအထိ ဝါသီးနှံသည် လူသားတို့အတွက် အရေးပါသော သီးနှံတစ်ခုဖြစ်သည်။ ဝါသည် အဝတ်အထည်အသုံးအဆောင်များ ထုတ်လုပ်ရန်အတွက် သာမက ဝါစေ့မှ စားသုံးဆီ၊ ဆီကြိတ်ဖတ်နှင့် တိရစ္ဆာန်အစာများကိုပါ ထုတ်လုပ်နိုင်သောကြောင့် စီးပွားရေးအရလည်း လွန်စွာအရေးကြီးသည်။ ယခုဖြစ်ရာ ဝါသီးနှံ၏ အရေးပါပုံ၊ ကမ္ဘာ့စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အထောက်အကူပြုနေပုံတို့ကို လူများ သတိပြုနိုင်ကြစေရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ကဦးဆောင်၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပထမဆုံးအကြိမ် “ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day)” ကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ ဝါစိုက်ပျိုးမှုမှာ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီအတွင်း တစ်နိုင်ငံလုံး၌ ဧက ၅၄၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သတင်းများအရ သိရသည်။ အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသများမှာ မကွေးတိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံး ဝါစိုက်ဧက စုစုပေါင်း၏ ၄၅ ဒသမ ၃၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီး၌ ၃၆ ဒသမ ၂၈ ရာခိုင်နှုန်းတို့ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ အရည်အသွေးမြင့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က ဝါသီးနှံအထွက်တိုးရေး တွန်းအားပေးဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဝါစိုက်ဧက ၇ ဒသမ ၄၇ သိန်း စိုက်ပျိုးရန်နှင့် ပန်းတိုင် အထွက်နှုန်းတစ်ဧက ပိသာ ၇၀၀ ထွက်ရှိစေရန် ကြိုးပမ်းလျက် ရှိသည်။

ပြည်တွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံတော်အဆင့် ဆွေးနွေးပွဲကို ဝါစိုက်ပျိုးမှု အချက်အချာဒေသ ဖြစ်သော မကွေးမြို့တွင် ယခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းတို့ကောင်းမွန်စွာ ဆောင်ရွက်ရေး၊ ပြည်ပသို့တင်ပို့ရာတွင် ကုန်ကြမ်းမှ တန်ဖိုးဖြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ရေး၊ ဝါစိုက်တောင်သူများနှင့် ဝါကြိတ်စက်၊ အထည်အလိပ်စက်ရုံလုပ်ငန်းရှင်များအကြား ကွင်းဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်က ပံ့ပိုးကူညီမှုနှင့် နည်းပညာများကို ဖြန့်ဝေပေးနိုင်ရေး တို့ကို ဆွေးနွေးခဲ့ကြသည်။ အောက်တိုဘာလ ၇ ရက်တွင် ကျရောက်သည့် “ကမ္ဘာ့ဝါသီးနှံနေ့” အထိမ်းအမှတ်အဖြစ် “ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ် လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲ” ကို မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းကုန်ကြမ်းများကို တန်ဖိုးဖြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ဝါအခြေခံ MSME လုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းဖြင့်တင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိသည်။

ဝါသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်ရာ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက အမြဲမပြတ် အလေးထား မှာကြားလျက်ရှိပြီး ဝါမှ ဝါဝမ်း၊ ချည်မျှင်၊ ချည်ထည်၊ ဝိတ်၊ အထည်အလိပ် စသည်ဖြင့် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖြစ်ပေါ်စေပြီး ဝင်ငွေများ တိုးတက်ရရှိစေနိုင်မည် ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်သွားကြစေ လိုကြောင်းလည်း မှာကြားထားသည်။

မိမိတို့နိုင်ငံကို စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံ (Agro- Based Industries) အဖြစ် အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဝါသည် အရေးပါသည့် ကဏ္ဍ၌ ပါဝင်လျက်ရှိသည်။ ကမ္ဘာ့ဈေးကွက်တွင် ဝါသည် ဈေးကွက်ဝင် သီးနှံဖြစ်သည့်အလျောက် အရည်အသွေး ကောင်း ဝါများကို ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများ ပိုမိုရရှိနိုင်သည်။ “လက်ရှိကမ္ဘာတွင် ပေါက်ဈေးအရ ဝါပွမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင် ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင် ရည်မှန်းချက် အထွက်နှုန်း ပိသာ ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင် မည်ဆိုပါက ပိုလျှံထွက်ရှိသည့် ဝါပွမ်းများ ရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း” ဇူလိုင် ၁၂ ရက်က မကွေးမြို့တွင်ကျင်းပခဲ့သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲတွင် နိုင်ငံတော် သမ္မတက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျော့ချရေးတွင် ဝါကဲ့သို့သော တန်ဖိုးမြင့် စက်မှုကုန်ကြမ်း သီးနှံများမှရရှိသော နိုင်ငံခြားဝင်ငွေသည် များစွာအရေးပါသည့် အလျောက် ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုး နိုင်ငံအကျိုး တိုးတက်ဖွံ့ဖြိုးနိုင် ကြပါစေကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကာ၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၇-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၂.၇ ~ ၃၆၆၆.၅	၅၅၈.၂ ~ ၅၅၈.၄	၁၂၅.၃ ~ ၁၂၅.၅	၄၃.၆၀
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁၃,၂၄၁,၈၁၉.၈၇	၃၇,၆၆၉,၄၀၃.၆၄	-	-

၇ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Price)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ - ၁၀ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၅၀၀	၄၅၁၅	၄၅၂၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၅၄၀	၄၆၉၅	၄၅၀၅	၄၉၉၅
95 Ron	၄၅၃၀	၄၈၈၅	၄၈၃၅	၄၅၄၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၀၅	၅၁၈၅	၄၈၃၅	၄၉၈၅	၄၈၅၅	၄၉၂၂	၄၈၀၅	၄၈၉၅	၅၁၂၂
HSD (500 ppm)	၄၈၀၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၃၀	၄၉၈၀	၅၀၀၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၃၅	၅၂၉၅
HSD (50 ppm)	၅၀၉၅	၅၂၅၀	၅၂၀၅	၅၀၀၅	၅၂၄၅	၅၂၃၀	၆၀၀၅	၅၀၀၅	၆၂၅၀	၆၂၈၀	၅၂၀၅	၆၀၅၀	၅၂၄၅	၅၂၄၀	၅၉၆၅	၆၁၃၀
HSD (10 ppm)	၅၀၉၅	၅၂၅၀	၅၂၀၅	၅၀၀၅	၅၂၄၅	၅၂၃၀	၆၀၀၅	၅၀၀၅		၆၂၈၀	၅၂၀၅	၆၀၅၀	၅၂၄၅	၅၂၄၀	၅၉၆၅	၆၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၃
HSD (500 ppm)	၄၅၅၈	၄၇၂၀
HSD (50 ppm)	၅၂၃၃	၅၃၆၄
HSD (10 ppm)	၅၂၃၃	၅၃၆၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုဖို့အေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၄၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဦးမဲ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၄၅၈၃၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၁၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၅၅၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



လှိုက်လှဲနွေးထွေးစွာ ကြိုဆို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးဦးကြိုဆိုသည့် မလေးရှားနိုင်ငံမှ ကလေးငယ်တစ်ဦးအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်စဉ်။

☆ ရွှေဖုံးမှ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစော၊ ဒေါ်နန်းစိန်နီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင်လိုက်ပါ

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရဲခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

လှိုက်လှဲနွေးထွေးကြိုဆို

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်းရေ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆို

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က လည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

* ရွှေဖုံးမှ

တစ်သိန်းကို ပါရမီအင်းအတွင်း စုပေါင်းစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ယခုနှစ်တွင် ငါးကောင်ရေ ၁၀ သိန်းကို သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးစိုက်ထည့်ပေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ငါးမျိုးစိုက်ထည့်ပွဲ ၁၀ ကြိမ်ကျင်းပပြီး ငါးကောင်ရေ ရှစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကာ ယခုကဲ့သို့ စိုက်ထည့်ပေးလိုက်သော ငါးမျိုးများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ဆက်စပ်ရေပြင်များအတွင်း ရှင်သန်ကြီးထွား ပေါက်ပွားရန် ဒေသခံတိုင်းရင်းသားပြည်သူများ အလွယ်တကူ ဖမ်းယူစားသုံးနိုင်မည်ဖြစ်ပြီး ဒေသ၏ငါးစားသုံးမှုကို ဖူလုံပို့လျှံစေရုံသာမက ငါးထုတ်လုပ်မှုကဏ္ဍကိုလည်း တိုးတက်မြင့်မားစေမည်ဖြစ်သည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် International Organization for Migration (IOM) ၏ ဌာနေကိုယ်စားလှယ်ချုပ် Mr.Daihei Mochizuki နှင့်အဖွဲ့အား ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်ထောင်စုရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများ အရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဘားအံစက်မှုဇုန်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၂၀ ကျော် ဖန်တီးပေးနိုင်ပြီး မြန်မာကျပ်ငွေသိန်းပေါင်းငါးသောင်းကျော် ရင်းနှီးမြှုပ်နှံ၍ အိမ်သုတ်ဆေးထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန် အဆိုပြုတင်ပြလာသည့် Prime Shield Paint Co.,Ltd. မှ MD ဒေါက်တာသိန်းနိုင်နှင့်အဖွဲ့အား ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



▼ ရွှေဖုံးမှ

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့် အတူ သွားရောက် ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ အမြန်ဆုံးပြန်လည် အသုံးပြုနိုင်ရေးနှင့် သူနာပြုသိပ္ပံသင်တန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး အထူးကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ RC နှစ်ထပ် တစ်လုံးအား ယာယီဆေးရုံအဖြစ် ပြောင်းလဲဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးရေးအတွက် လုပ်ငန်းစီမံချက်အတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား ပြည့်စုံသော လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အရေးကြီးသည့် အခြေခံအဆောက်အအုံများဖြစ်သည့် အတွက် လုပ်ငန်းများပြီးစီးသည်နှင့် တစ်ပြိုင်နက် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ အမြန်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာဌာနများမှ သေချာစိစစ်ပြီး လွှဲပြောင်းလက်ခံ ဆောင်ရွက်ရန်မှာကြားသည်။

ထိုပြင် တီးတိန်မြို့ ပြည်သူ့ဆေးရုံနှင့် တွန်းဇံမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများသည် ယမန်နေ့ ညနေပိုင်းက တီးတိန်မြို့သို့ ရောက်ရှိပြီဖြစ်ပြီး တီးတိန်မြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် အသုံးပြုမည့် 100 mA fixed Type Digital ဓာတ်မှန်စက်ကို အသုံးပြုနိုင်ရေး နေရာချဆောင်ရွက်ထားရှိပြီ ဖြစ်ကြောင်းနှင့် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများကို တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ဆက်လက်ပေးပို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

✪ ရွှေဖုံးမှ

ရာပြည့်ပွဲတော်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အခမ်းအနားစီစဉ်သူ ဒေါ်ချောစုထွေးက ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တေးသံရှင် ဟိန်းတေဇက “မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ဈေးဆိုင်ခန်းများနှင့် ပြာသထားသည့် ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၏ နှစ် (၁၀၀) ပြည့် သမိုင်းမှတ်တိုင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်သည့် ကျောက်တံတားမြို့နယ် နောက်ဖေးလမ်းကြားများ ရှင်းလင်းပြီးစီးမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက် (၃၃)လမ်းတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် (၃၃) လမ်းနောက်ဖေးလမ်းကြားနှင့် အမှတ်(၃) ရပ်ကွက် လမ်းသစ်လမ်း နောက်ဖေးလမ်းကြားရှင်းလင်းမှု မှတ်တမ်းနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံတားမြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ အမှိုက်ကင်းစင်အောင် ဆောင်ရွက်နိုင်သည့် အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

- ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေ
- ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခု ကို ဆောင်ရွက်လျက်ရှိ
- မလေးရှားရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏ အားသာချက်မှာ ကုန်ကြမ်းအရင်းအမြစ်နှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံများရှိခြင်းသာမက တန်ဖိုးမြှင့်ထုတ်လုပ်မှု လုပ်ငန်းများ ဖော်ဆောင်ရန်နေရာနှင့် ဈေးကွက်အလားအလာများရှိနေ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့်မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) တို့က ဦးစီးကျင်းပပြုလုပ်သည့် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)ကို ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Inter Contenental Kuala Lumpur Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထိပ်သီး စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon တို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင်အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နှစ်နိုင်ငံ ဆက်ဆံရေးသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများအပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများအထိ တဖြည်းဖြည်း ပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာ-မလေးရှား နှစ်နိုင်ငံ ဆက်ဆံရေး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုနိုင်မာအားကောင်းစေသည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးတစ်ရပ်အဖြစ် တည်ဆောက်သွားရန် အချိန်အခါကောင်းကိုရောက်ရှိလာပြီ ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ယခုကဲ့သို့စိန်ခေါ်မှုများနှင့်အတူ နိုင်ငံများ၏ စီးပွားရေးခံနိုင်ရည်စွမ်းအား (Economic Resilience)ရှိရေးသည်လည်း အရေးကြီးလာကြောင်း၊ ယခုအချက်များကြောင့် ဒေသတွင်း နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် ပိုပြီး အရေးပါလာကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ ၁ ဒသမ ၀၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန် ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့်အတွက် နှစ်နိုင်ငံ အကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန် အတွက် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏတိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့် Joint Venture နှင့် Business-to-Business ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏ အားသာချက်မှာ ကုန်ကြမ်းအရင်းအမြစ်နှင့် ထုတ်လုပ်မှုအခြေခံများရှိခြင်းသာမက တန်ဖိုးမြှင့်ထုတ်လုပ်မှု လုပ်ငန်းများ ဖော်ဆောင်ရန်နေရာနှင့် ဈေးကွက် အလားအလာများရှိနေကြောင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးရေး၊ ဒေသတွင်း Supply Chain ချိတ်ဆက်မှုနှင့် Export Market Access တို့ပါဝင်သည့် ရေရှည်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် ပြုပြင်ထုတ်လုပ်မှု၊ Halal အစားအစာ၊ ရေထွက်ကုန်၊ ရော်ဘာနှင့် ရော်ဘာအခြေခံထုတ်ကုန်၊ ထုပ်ပိုးမှု၊ အဆေးခန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုထုတ်ကုန်နှင့် အခြားတန်ဖိုးမြှင့်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ထုတ်ကုန်များသည် နှစ်နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်အသုံးချသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြပြီး ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထို့အပြင် နှစ်နိုင်ငံစလုံးသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ထုတ်လုပ်မှု တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်တွင်လည်း အတူပါဝင်လက်မှတ်ရေးထိုးထားကြကြောင်း၊ ယခုကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် မူဘောင်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများဖြစ်သောကြောင့် ထိရောက်ပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံရေးရာ အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများကို အတူဆွေးနွေးဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အလေးအနက်ထားကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံသွင်းအားစု ထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင် ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှု စက်ရုံများတည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ ထို့အတူ စိုက်ပျိုးရေးကဏ္ဍတွင်လည်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အသုံးချပြီး မြန်မာနိုင်ငံ၌ ဆန်ကြိတ်ခွဲစက်ရုံများ၊ ပဲမျိုးစုံသန့်စင်ထုပ်ပိုးသည့်စက်ရုံများ၊ အစားအစာပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ အအေးခန်းသိုလှောင်ရုံများနှင့် စားနပ်ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့အပြင် ထုတ်လုပ်မှုတိုးတက်ရေးသာမက Farm-to-Market Supply Chain တစ်ခုလုံးကို ခေတ်မီအောင်ဖော်ဆောင်ရန်လည်း အရေးကြီးကြောင်း၊ မျိုးစေ့နှင့်စိုက်ပျိုးရေးသွင်းအားစု၊ ခေတ်မီစက်ယန္တရား၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုလျော့ချရေး၊ အခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အအေးခန်းသိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို တစ်ဆက်တည်း ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာ့လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် အအေးခန်းသိုလှောင်ရုံများနှင့်အတူ Digital Logistics၊ Warehouse Management၊ Cargo Tracking နှင့် အရည်အသွေးထိန်းချုပ်မှုစနစ်များကိုပါ ပေါင်းစပ်ဖော်ဆောင်နိုင်ပါက လယ်ယာနှင့် ရေထွက်ကုန်များ၏ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကိုလျော့ချနိုင်ပြီး Export Supply Chain ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသည့် မလေးရှားနိုင်ငံအတွက် ကြီးမားသည့်အခွင့်အရေးဖြစ်ကြောင်း။

ဆက်လက်ပြီး မလေးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ ဆီအုန်းသီးနှံကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်းနှင့် တန်ဖိုးမြှင့်စားသုံးဆီ ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာများ ပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်ဖြန့်ဖြူးခြင်းအထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဲ့သို့ ဆီအုန်းစိုက်ပျိုးမှုနှင့် စာအုန်းဆီထုတ်လုပ်မှုလုပ်ငန်းများကို ပထဝီဝင် ရာသီဥတုအရ သင့်တော်ကောင်းမွန်သည့် တနင်္သာရီတိုင်းအတွင်းတွင် ဆောင်ရွက်နိုင်ပြီး ဟင်းသီးဟင်းရွက်ဆီ ထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံတွင် မြေဧရိယာကျယ်ပြန့်စွာပိုင်ဆိုင်ပြီး စားကျက်မြေများစွာရှိသောကြောင့် မွေးမြူရေးနှင့် အသားငါးထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ကောင်းစွာ ဆောင်ရွက်နိုင်ပါကြောင်း၊ မလေးရှားနိုင်ငံ၏ Halal အစားအစာဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုစနစ်များ ဖော်ဆောင်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ထိုမှတစ်ဆင့် မွေးမြူရေးခြံများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်အစာ ထုတ်လုပ်ရေး၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသားထုတ်လုပ်မှုလုပ်ငန်းများတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဏ္ဍတွင် Halal Certification နှင့် Food Traceability စနစ်များ၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ အအေးခန်းနှင့် အသားထုတ်လုပ်မှုနည်းပညာများကို ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာနိုင်ငံ၏ မွေးမြူရေးထုတ်ကုန်များကို မလေးရှားဈေးကွက်နှင့် ဒေသတွင်း Halal ဈေးကွက်များကို ပိုမိုထိရောက်စွာ ချိတ်ဆက်နိုင်မည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည် ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အဆောင်မြင်ဆုံးဖြစ်သကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့် စီမံကိန်းများဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ စက်ရုံတည်ဆောက်ခြင်းအဆင့်မှသာမက Industrial Cluster ဖော်ဆောင်ခြင်း၊ Supplier Network တည်ဆောက်ခြင်း၊ Logistics Hub နှင့် Export Processing Facilities များတည်ဆောက်ခြင်းတို့အထိ တိုးချဲ့ဖော်ဆောင်နိုင်ကြောင်း၊ ယခုကဲ့သို့ Cluster-based Development ပုံစံနှင့် ဆောင်ရွက်နိုင်ပါက မလေးရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများအကြား ရေရှည် Supply Chain ချိတ်ဆက်မှုများကို ပိုမိုဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုစုရုံများ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကိုမူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင်ဆောင်ရွက်နိုင်ကြောင်း၊ ယခုကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် MSME လုပ်ငန်းများသည်လည်း နှစ်နိုင်ငံ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၏ e-commerce စနစ်အကောင်အထည်ဖော်ခြင်း၊ ကျွမ်းကျင်မှုလုပ်ငန်းခွင် သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ MSME စက်မှုထုတ်ကုန်များ ချိတ်ဆက်ပူးပေါင်းထုတ်လုပ်ခြင်းတို့ဖြင့် နှစ်နိုင်ငံအကျိုးရှိမည့် Value Chain တစ်ခုကို ဖန်တီးနိုင်ကြောင်း၊ MSME ပူးပေါင်းဆောင်ရွက်မှုသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ MSME များအကြား Business Matching၊ Supplier Matching နှင့် Technology Matching အစီအစဉ်များကို ပုံမှန်ကျင်းပပေးနိုင်ပါက အကျိုးရှိမည်ဟုယုံကြည်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ e-commerce နှင့် Digital Business အတွေ့အကြုံများကို မြန်မာ MSME ထုတ်ကုန်များနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် အာဆီယံဈေးကွက်ကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုသည် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်ကြောင်း၊ လက်ရှိမလေးရှားနိုင်ငံတွင် မြန်မာ့ရွှေ့ပြောင်းလုပ်သားများ မျှားစွာရှိနေသည့်အတွက် Remittance channel က အရေးကြီးကြောင်း၊ တရားဝင် channel ကို အသုံးပြုရသည်မှာ ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ် သက်သာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက Financial flow ပိုမိုကောင်းမွန်လာပြီး ရွှေ့ပြောင်းလုပ်သားများအတွက်လည်း လုံခြုံစိတ်ချရသည့် ငွေလွှဲလမ်းကြောင်း ဖြစ်လာမည်ဟုယုံကြည်ကြောင်း၊ ထို့ကြောင့် ဘဏ်များ၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများနှင့် FinTech ကုမ္ပဏီများအကြား ပူးပေါင်းပြီး ငွေပေးချေမှုနှင့် ငွေလွှဲဝန်ဆောင်မှုများကို လုံခြုံမြန်ဆန်၊ ပွင့်လင်းပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် Digital Payment နှင့် တရားဝင် ငွေကြေးလွှဲပြောင်းမှု (Remittance)များ ဖော်ဆောင်နိုင်မည်ဆိုပါက နှစ်ဖက်အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုနှင့် ငွေလွှဲစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ ဒီဂျစ်တယ်ဘဏ်လုပ်ငန်း၊ ငွေပေးချေမှုနည်းပညာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အန္တရာယ်စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို မြန်မာနိုင်ငံနှင့် မျှဝေခြင်း၊ နှစ်နိုင်ငံ ဘဏ်များအကြား နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိကြောင်း။



မြန်မာ–မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)တွင် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အလားတူ မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများကိုလည်း အားပေးဖော်ဆောင်လျက်ရှိရာ ယခုကဏ္ဍများသည် သိသိသာသာတိုးတက်ထွန်းကားလာနေသည့် မလေးရှားနိုင်ငံက လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေကြောင်း ပြောကြားလိုကြောင်း၊ မလေးရှားနိုင်ငံသည် ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးကုန်ကျစရိတ် သင့်တင့်မှု၊ နိုင်ငံခြားကျောင်းသားများကို ဆွဲဆောင်နိုင်မှုများကြောင့် ဒေသတွင်း ပညာရေးဗဟိုချက်တစ်ခု ဖြစ်လာနေသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံတကာ ပညာရေးလုပ်ငန်းအတွေ့အကြုံကိုအသုံးချပြီး မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်းများ တည်ဆောင်ခြင်း၊ ပူးတွဲသင်တန်းများဖွင့်လှစ်ခြင်းနှင့် ပညာရေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းတို့ကို စီးပွားရေးအခွင့်အလမ်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍသည်လည်း မြန်မာ–မလေးရှား နှစ်နိုင်ငံအနေဖြင့် ဆေးရုံနှင့် ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Medical Tourism)၊ Telemedicine/ Teleconsultation၊ ကျန်းမာရေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး စသည့်အပိုင်းများတွင် စီးပွားရေးအရပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

မလေးရှားနိုင်ငံအနေဖြင့် သဘာဝထွက်ကုန် စီးပွားရေးစနစ်မှ ခေတ်မီနည်းပညာ၊ ဆီမီးကွန်ဒတ်တာ (Semiconductor)၊ ဉာဏ်ရည်တု (AI)၊ ဒေတာစင်တာတည်ဆောက်ခြင်း စသည့်ခေတ်မီစက်မှုစီးပွားရေးစနစ်ကို အောင်မြင်စွာကူးပြောင်းနေသည်ကို လေ့လာသိရှိရကြောင်း၊ ယခုကဲ့သို့ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မြန်မာနိုင်ငံသည် အကြီးမားဆုံးအိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြောင်း၊ စီမံကိန်းဧရိယာ ၂၈၀၀ ဟတ်တာကျော်(၇၀၀၀ ဧက)ခန့် ကျယ်ဝန်းသည့် အတွက် အိုင်တီလုပ်ငန်းသစ်များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများအပြင် High-Tech Zone သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြုထုတ်လုပ်မှုဇုန်များ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု (AI) အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးများတွင် စိတ်ပါဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံ၏ Electrical and Electronics၊ Semiconductor၊ Machinery and Equipment နှင့် Digital Technology ကဏ္ဍများသည် ရှိပြီးသားအတွေ့အကြုံနှင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု၊ လုပ်သားအင်အားနှင့် ဈေးကွက်အခြေခံတို့ကို ပေါင်းစပ်ပြီး Assembly၊ Component Manufacturing၊ Technical Training နှင့် Technology Transfer လုပ်ငန်းများကို ပူးပေါင်းဖော်ဆောင်နိုင်မည့် အလားအလာများရှိကြောင်း၊ ထိုသို့ နည်းပညာပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခု

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

တည်းထက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် Malaysian technology companies များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နည်းပညာသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအကြား Internship ၊ Vocational Training ၊ Technical Certification နှင့် Skills Development Program များကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလက်တွေ့ကျစေရန်အတွက် နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ Chamber of Commerce များနှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်သည့် ပုံမှန် Business Dialogue နှင့် Business Matching Mechanism တစ်ရပ်ကို ပိုမိုအားကောင်းအောင် ဖော်ဆောင်နိုင်ပါက ကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ အဆိုပါမူဘောင်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကုန်သွယ်နိုင်သည့် ထုတ်ကုန်များ၊ လိုအပ်သည့် နည်းပညာနှင့် အရည်အသွေးစံနှုန်းများ၊ မိတ်ဖက်လုပ်ငန်းများနှင့် ဈေးကွက်လိုအပ်ချက်များကို တစ်နေရာတည်းမှာ ချိတ်ဆက်ပေးနိုင်မည့် Business Information and Investment Facilitation Platform တစ်ရပ်ကိုလည်း ဖော်ဆောင်နိုင်ကြောင်း၊ ယခုလုပ်ငန်းစဉ်များမှတစ်ဆင့် ယနေ့ ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးခြင်းကိုသာမက လက်တွေ့ကျသည့် Investment Project ၊ Joint Venture ၊ Export Contract နှင့် Technology Partnership များအဖြစ် ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့် ဥပဒေ(၄)ရပ်နှင့်အညီ အကာအကွယ်ပေးထားပြီဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားကြောင်း၊ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို နီးကပ်၍ ဆက်ဆံရေးရှိသည့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ လက်တွဲဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို အခွင့်အလမ်းများကို ဖလှယ်ဆွေးနွေးသည့် နေရာတစ်ခုအဖြစ်သာမက နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို စတင်အကောင်အထည်ဖော်နိုင်မည့် Platform တစ်ခုအဖြစ် ရှုမြင်စေလိုကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝနှင့် လူစွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး **"ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှ ဒေသတွင်း ဈေးကွက်ချိတ်ဆက်မှု"** ဟူသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကွင်းဆက်တစ်ရပ်ကို အတူတကွ တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကို ဈေးကွက်တစ်ခုအဖြစ်သာမက ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်း Supply Chain ချိတ်ဆက်မှုအတွက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ပြီး ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

မလေးရှားနိုင်ငံမှလုပ်ငန်းရှင်များက အသီးသီးဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများ အပါအဝင် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးရေး အပါအဝင် ဘက်စုံစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ၊ သံမဏိ(Steel)နှင့် သတ္တုရိုင်းထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပါအဝင် ဆောက်လုပ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းမှုများဆောင်ရွက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့်ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးအခြေ သုံးသပ်တွေ့ရှိမှုများ၊ မြန်မာနိုင်ငံနှင့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရေး အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား မူဝါဒများ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုစံသတ်မှတ်ချက်များအနေဖြင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မှုအခြေအနေများ၊ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် လက်တွေ့ကျသည့် အကြံပြုချက်များ၊ အလားအလာများ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့် အလားအလာများ၊ အခြေအနေများကို အဖွင့်၌ ထည့်သွင်းပြောကြားခဲ့ကြောင်း၊ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အခွင့်အလမ်းများနှင့် အကြံပြုချက်များ၊ သုံးသပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးသွားကြသည်ကို အားရဖွယ်တွေ့မြင်ရပါကြောင်း၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးအရ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်ကို မိမိအနေဖြင့် ကောင်းစွာသိရှိ လက်ခံထားပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံခိုင်မာမှာ လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍လည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့် အာမခံချက်ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း။

❏ **လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိသည့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်**

❏ **ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍လည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့် အာမခံချက်ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်**

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလာရောက် ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးမှုများအားလုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ်လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့် ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရ အားကောင်းလာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့လာရောက်၍ လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေများကို ကိုယ်တိုင်လေ့လာ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အလားအလာနှင့် အခွင့်အလမ်းများကို ဆုပ်ကိုင်အကောင်အထည်ဖော်ဆောင်ကြစေလိုကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံ ထိပ်သီးလုပ်ငန်းရှင်များအခွင့်ရေး ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးရသည့်အခွင့်အရေးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုကနဦးတွေ့ဆုံမှု သည် အောင်မြင်ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုပင်ဖြစ်ပြီး ယခုထက်ပိုမိုကျယ်ပြန့်ပြီး လက်တွေ့ အကျိုးရှိမည့် စီးပွားရေးမျက်နှာစာသစ်တစ်ခုကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နွေးထွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော် (C) ဆောင်ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပု)**



ဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့တတိယအကြိမ်ပြည်သူ့လွှတ်တော်သည် တတိယပုံမှန်အစည်းအဝေးသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် သိသာထင်ရှားသည့် အရွေ့တစ်ခုသို့ ရောက်ရှိရန်အတွက် ကော်မတီများ၏ ဆောင်ရွက်ချက်များသည် အဓိကကျပါကြောင်း၊ ကော်မတီများအား လွှတ်တော်အတွင်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် လွှတ်တော်၏လုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ဖွဲ့စည်းထားရှိခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အထူးပြု လုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ပေးရသည့် အဖွဲ့လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်နှစ်ဝမ်းမွှေစေရန် စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီအလိုက် လေ့လာစိစစ်ရမည့်ဥပဒေများနှင့်စပ်လျဉ်း၍လည်း ခေတ်ကာလနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ် ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် Legislative Calendar များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့သည် ပြည်သူများ၏ အသံနှင့် လိုလားချက်များကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမည့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အလေးထားစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးနှင့်ကလေးသူငယ်များအား အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များကို သိသာထင်ရှားသည့်တိုးတက်မှုများ ရှိစေရန်အတွက် Key Performance Indicator (KPI) ဖြင့် အကဲဖြတ်တိုင်းတာ ဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ပြီး နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီများတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီများအလိုက် ဆောင်ရွက်နေသည့် ကိစ္စရပ်များအား တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှိုးဆွပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၇

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား ယနေ့ညနေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ရောက်ရှိလာရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သံအမတ်ကြီးနှင့် စစ်သံမှူးတို့က မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် မိတ်ဆက်ပေးပြီး တာဝန်ထမ်းဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အာဆီယံအဖွဲ့ကြီးသည် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ထားသည့်အဖွဲ့ကြီးဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းကြောင်းများကို ပြန်ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံအကြားကောင်းမွန်သည့်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးသန်းရောင်းဝယ်မှုများရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံးဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့် ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

“သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန်လို ”

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် ကူးလူးဆက်ဆံမှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သံတမန်ရေးရာဝန်ထမ်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသို့ မလေးရှားနိုင်ငံမှ တင်ပို့နေသည့် သွင်းကုန်များရှိသကဲ့သို့ မလေးရှားနိုင်ငံမှလိုအပ်နေသည့် ပို့ကုန်များကိုလည်း မြန်မာနိုင်ငံမှ တင်ပို့နေရသည်များလည်းရှိသည်ဖြစ်သဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူမှုရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်း၊ ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများနှင့် ပတ်သက်၍လည်း တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာတော်သင်များ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည်လည်း ပညာရေးပိုင်းဆိုင်ရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်းဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး သံရုံးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ
စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်း

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၆) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာ ဆောင်အမှတ် (1-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပို)

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကား ပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာန (၁၁) ခုမှ တာဝန်ရှိသူများနှင့် ဆွေးနွေး အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရှင်းလင်း တင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတကာပညာသင်ဆုများမှတစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းဆောင်သစ်များနှင့် ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရေး၊ ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ပေးရေး၊ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ပေးရေး၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို နှစ်ခု ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တီးတိုနဲ့ဝဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **မဟာဓာတ်အားလိုင်း ၆၆ ကေဗွီလိုင်းအား ကလေးမြို့မှ တီးတိုနဲ့မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တီးတိုနဲ့မြို့အား မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီကလေး – တီးတိုနဲ့ – သိုင်းငင်း ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ JICA (MY-P30) ချေးငွေစီမံကိန်းအသစ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ချေးငွေစီမံကိန်းအသစ်မှာ အကောင်အထည်မဖော်နိုင်ဘဲ ဆိုင်းငံ့လျက်ရှိပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းတောင်းဆိုမှုအရ တီးတိုနဲ့မြို့သို့ မဟာဓာတ်အားလိုင်းစနစ် အဖြန်ဆုံး ရောက်ရှိနိုင်စေရေးအတွက် ၆၆ ကေဗွီ ကလေး–သိုင်းငင်း–တီးတိုနဲ့ ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်းအစား လျှပ်စစ်ဓာတ်အား ရောက်ရှိပြီး ဖြစ်သည့် ၆၆ ကေဗွီ ဂန့်ဂေါ – ဟားခါး – ဖလမ်း–သိုင်းငင်း ဓာတ်အားလိုင်းမှ ဆက်လက်ချိတ်ဆက်၍ ၆၆ ကေဗွီ သိုင်းငင်း – တီးတိုနဲ့ ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ တီးတိုနဲ့ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

၆၆ ကေဗွီဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင် တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရုန်းပုံငွေဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပထမအသုတ် တာဝါတိုင်များအား ငွေကျပ်သန်း ၁၂၉၂ ဒသမ ၉၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအသုတ် တာဝါတိုင်များ၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံပစ္စည်းများအား ငွေကျပ် ၄၆၇၅ ဒသမ ၀၇၉ သန်းဖြင့်လည်း ကောင်း စုစုပေါင်းငွေကျပ် ၅၆၇၅ ဒသမ ၉၉၉ သန်းဖြင့် တင်ဒါခေါ်ဝယ်ယူခဲ့သော်လည်း နယ်မြေအခြေအနေ အရလုပ်ငန်းခွင်သို့ ပစ္စည်းပေးပို့နိုင်မှု မရှိသေးသဖြင့် နေပြည်တော်၊ ဌာနစုတိုက္ကင်ပစ္စည်းများအား စုဆောင်း သိမ်းဆည်းထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများ လျာထားဆောင်ရွက်ခြင်းအား ရပ်နားထားခဲ့ပါကြောင်း။

ကျန်ရှိသည့် တတိယအသုတ် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ မြို့ပြနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးတို့အတွက် ငွေကျပ် ၆၂၆၆ ဒသမ ၀၂၃ သန်းအား ထပ်မံလျာထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လတ်တလော နယ်မြေအခြေအနေအရ ပစ္စည်းများပို့ဆောင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား ဆက်လက် လျာထားဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်သည့်အခါ ကျန်ရှိပစ္စည်းများ အပြီးသတ်ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

အင်ပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်ပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွ၊ ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့်ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွကျေးရွာ အုပ်စုတွင် ကျေးရွာ ငါးရွာ၊ ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စုတွင် ကျေးရွာ ခြောက်ရွာနှင့် တစ်တီတူးကွင်းကျေးရွာ အုပ်စုတွင် ကျေးရွာ သုံးရွာ စုစုပေါင်း ကျေးရွာ ၁၄ ရွာရှိပြီး အဆိုပါ ကျေးရွာ ၁၄ ရွာအနက် ညောင်ပင်ကြီးကွင်း ကျေးရွာအုပ်စု ဘန်ဘွေးကုန်းကျေးရွာနှင့် တစ်တီတူး ကွင်းကျေးရွာအုပ်စု တစ်တီတူးကွင်းကျေးရွာတို့သည် ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပြီးဖြစ်ပါကြောင်း။

အင်ပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွအုပ်စု၊ ညောင်ပင်ကြီးကွင်းအုပ်စု၊ တစ်တီတူးကွင်းအုပ်စု တို့မှ မီးလင်းရန်ကျန်သည့် ကျေးရွာ ၁၂ ရွာ ဓာတ်အား ရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၇၆ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ဘဏ္ဍာငွေခဝေရရှိမှုအပေါ်မူတည်၍ အဆင့်ဆင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း နှင့် ကျေးရွာများအတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အ.ထ.က (ခွဲ)၀၊၁၊ အ.မ.က (ရေစင်)နှင့် အ.ထ.က(ခွဲ) ထန်းပင်ကန်တို့တွင် ကျောင်းဆောင်အသစ် တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ၀၊၁ခွ–အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း လေးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့် အတွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်း အတွက်ပေ၁၀xx၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ် များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေစင်–အခြေခံပညာမူလတန်းကျောင်းတွင် ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်ဆောင် ၌ စာသင်ခန်း ခြောက်ခန်း ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း သုံးခန်းအတွက် ပေ ၆၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထန်းပင်ကန်– အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် ပေ ၁၅၀ x ၃၀ အုတ်ညှပ် တစ်ထပ်၊ ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်၊ ပေ ၁၀၀ x၃၀ အုတ်ညှပ်တစ်ထပ်စုစုပေါင်း ကျောင်းဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ဦးရေအရ စာသင်ခန်းလေးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းဖျူးမဲဆန္ဒနယ်မှ ဦးမိုင်းကံ၏ **မိုင်းဖျူးမြို့နယ် မိုင်းအော့ အ.ထ.က(ခွဲ) ကျောင်း၏ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့် နှစ်များတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းဖျူးမြို့နယ် မိုင်းအော့–အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်း တွင် ၁၅၀ x ၂၅ ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်၊ ပေ ၁၂၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စုစုပေါင်း ကျောင်းဆောင် နှစ်ဆောင်၊ စာသင်ခန်း ၁၀ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းဖျူးမြို့နယ် မိုင်းအော့– အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်း သုံးခန်းအတွက် ပေ ၉၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန်၊ အဆိုပါ ကျောင်း၏ ပေ ၁၅၀ x ၂၅ ပေ အုတ်ညှပ် နှစ်ထပ် ဆောင် အမိုးသွပ်ပေါက်ပြဲ၍ မိုးယိုနေခြင်းအား အကြိုးစားပြုပြင်ရန်နှင့် ကျောင်းပိုင်မြေသည် ၁ ဒသမ ၁၆၈ ဧက ရှိပြီး လိုအပ်လျက်ရှိသည့် ပေ ၂၈၀ အုတ် တံတိုင်းကာရံရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါကျောင်းတွင် ဝန်ထမ်းအိမ်ရာ ထပ်မံဆောက်လုပ်ရန် မြေနေရာလုံလောက်မှုမရှိပါကြောင်း နှင့် လက်ရှိ ဝန်ထမ်းအိမ်ရာများအား လုံခြုံမှုရှိစေရေး အမြန်ဆုံး ပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ် မြို့မ– အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရန်ကုန်တိုင်းဒေသကြီး သုံးခွ မြို့နယ် မြို့မ–အခြေခံပညာအထက်တန်းကျောင်း တွင် စာသင်ခန်း ၂၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ငါးခန်းလိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ–အခြေခံပညာ အထက်တန်းကျောင်း၌ ခရေဆောင် ပေ ၁၀၀ x ၃၀ (အန္တရာယ်ဆောင်)သည် အင်ဂျင်နီယာထောက်ခံချက်အရ အန္တရာယ်ရှိပါသဖြင့် ဖျက်သိမ်း၍ ၎င်းကျောင်းဆောင်တွင် သင်ကြား နေသော စာသင်ခန်း သုံးခန်းနှင့် ကျောင်းသားဦးရေ အရ လိုအပ်သော စာသင်ခန်း ငါးခန်း စုစုပေါင်း စာသင်ခန်း ရှစ်ခန်းအတွက် ပေ ၁၄၀ x ၃၀ RC နှစ်ထပ် တိုးချဲ့အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက် ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီ ဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်ဝဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော် မြို့နယ်၊ ခရိုင်ပညာရေးမှူးရုံး၌ ပညာရေးအထောက် အကူပြု သိုလှောင်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော် ခရိုင်ပညာရေးမှူးရုံး ပေ ၁၀၀ x ၃၀ RC နှစ်ထပ် အဆောက်အအုံအား ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွဲပြုငွေဖြင့် ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း ၁၅ ဦး၊ အမှုထမ်း ၂၃ ဦး စုစုပေါင်း ဝန်ထမ်း ၃၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ခရိုင် ပညာရေးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ သို့ ဖြန့်ဝေမည့် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဆရာကိုင်ဆရာလမ်းညွှန်စာအုပ်များ၊ သင်ထောက်ကူ ပစ္စည်းများ၊ ဗလာစာအုပ်များ ထားသိုနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ပေ ၁၂၀ x ၃၀ RC တစ်ထပ် သိုလှောင်ရုံအား လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံး ငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **တက္ကသိုလ် ပညာနှင့် အဆင့်မြင့်ပညာ သင်ကြားရန် အခက်အခဲရှိ သူများအား ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေး ရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေး ဝန်ကြီးဌာနသည် အမှန်တကယ် ဆင်းရဲနွမ်းပါးသော မိသားစုများမှကျောင်းသား ကျောင်းသူများ တက္ကသိုလ် ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ပညာ သင်ထောက်ပံ့ကြေးများကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ကပ်လျက်ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ်(နေ့သင်တန်း) တက်ရောက် လျက်ရှိသော စုစုပေါင်း ကျောင်းသားဦးရေ၏ ၁၀ ရာခိုင်နှုန်းအား ပထမဘွဲ့ရရှိသည့်အထိ ပညာသင် နှစ် တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ အား နှစ်စဉ်ချီးမြှင့်လျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင် One campus, Two-system စနစ်ဖြင့် နေ့သင်တန်းများအပြင် အဝေးသင်သင်တန်း များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် ချို့ငဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအနေ ဖြင့် ဝင်ငွေရရှိသည့် အလုပ်လုပ်ကိုင်လျက် တက္ကသိုလ် ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ပါ ကြောင်း၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ပညာရေးတက္ကသိုလ်များသို့ တက်ရောက်သော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်ကာ B.Ed. ဘွဲ့ရရှိပြီးနောက် အထက်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် နိုင်ငံတော်က စားသောက်စရိတ် ထောက်ပံ့ကျွေးမွေးကာ ကျောင်းအိပ်၊ ကျောင်းစား စီစဉ်ထားရှိ၍ စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးထားပြီး လေးနှစ်သင်တန်းပြီးဆုံးပါက မူလတန်းပြနှင့် အလယ်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ကျောင်းသားလူငယ်များ တက္ကသိုလ်ပညာ၊ အဆင့်မြင့် ပညာများ ဆက်လက်သင်ကြားနိုင်ရန်အတွက် လုံလောက်သည့် တက္ကသိုလ်ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် နေ့သင်တန်းတက်ရောက်နေသော ချို့ငဲ့ခွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး ၏ **နိုင်ငံတော်က ဖွင့်လှစ်ထားသည့် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး မည်သို့ဆောင်ရွက်နေသည်နှင့် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီရေးနှင့် ပေါင်းစပ်ဘာသာရပ်များနှင့် အသုံးချဘာသာရပ်များ တိုးချဲ့၊ သင်ကြားရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီ သင်ရိုးများဖြစ်စေရန်အတွက် သင်ရိုးသစ်များ နှစ်စဉ်ပြင်ဆင်ရေးဆွဲခြင်းတို့ကို ဘာသာရပ်သင်ကြားရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ Tutorials, Assignments, Practicals များကို ပုံမှန်ဆောင်ရွက်စေပြီး တီထွင်ဆန်းသစ်သော သင်ကြားသင်ယူမှုဖြစ်စေရန် Project-based Learning (PBL) အပါအဝင် ကျောင်းသားဗဟိုပြုသင်ကြားနည်းများ အကောင်အထည်ဖော်ခြင်း၊ ဒီဂျစ်တယ်နည်းပညာအသုံးပြု သင်ကြားသင်ယူမှုဖြစ်စေရန် Learning Management System (LMS) တည်ထောင်ခြင်းနှင့် Digital Library များ ဖွင့်လှစ်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်ကြားရေး ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ရက်တိုလေ့လာရေးခရီးစဉ်များနှင့် နှစ်ရှည် နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာပညာသင်ဆုများမှတစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်း တက်ရောက်နိုင်ရေးနှင့် ပါရဂူဘွဲ့ရများ မွေးထုတ်ပေးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကို ဖွဲ့စည်းပြီး အရည်အသွေးအာမခံမှုစနစ်လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Internal Auditing နှင့် External Auditing of ASEAN University Network ၏ "AUN QA Criteria" ကျင့်သုံးလျက် Programme Level နှင့် Institutional Level တို့တွင် အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုခြင်းများရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက် စနစ်ဖြစ်သော Times Higher Education (THE)၏ စံသတ်မှတ်ချက်များဖြစ်သည့် 5 Pillars နှင့် 17 Performance Indicators များကိုအခြေခံပြီး အခြားနာမည်ကြီး ကမ္ဘာ့တက္ကသိုလ် အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သော QS Asia University Rankings ၏ လက်ရှိ စံသတ်မှတ်ချက်ဖြစ်သော 11 Indicators ကိုပြည့်မီရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့်ပြည်သူများမျှော်မှန်းချက်ဖြစ်သည့် မြန်မာတက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေးအတွက် "Quality Education, Digital Transformation, Research & Innovation, Internationalization & Quality Assurance" ဟူသော ကဏ္ဍများကို အဓိကထား၍ စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်း တက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလို ခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မိုးညှင်းတက္ကသိုလ်သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး တက္ကသိုလ်မြေဧရိယာ ဧက ၂၁၀ ကျယ်ဝန်းပါကြောင်း၊ မိုးညှင်းတက္ကသိုလ်တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဗန်းမော်ခရိုင်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက်ရှိပါကြောင်း။

မိုးညှင်းဒီဂရီကောလိပ်မှ မိုးညှင်းတက္ကသိုလ် အဖြစ်သို့ ၂၀၂၀ ပြည့်နှစ်တွင် အဆင့်တိုးမြှင့်မွှင့်လှစ်ပြီးနောက် ပထမအကြိမ် ဘွဲ့နှင်းသဘင်၊ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်၊ တတိယအကြိမ် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်နေ့သင်တန်း၊ အဝေးသင် သင်တန်းအပိုင်းခွဲ၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို အလျား ၀၆ ၈၀၊ အနံ ၀၆ ၅၀ အကျယ်ရှိ ဘက်စုံသုံးခန်းမတွင် ကျင်းပပြီး ဘွဲ့များအပ်နှင်းချီးမြှင့်ခဲ့ပါကြောင်း။

တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံသည် တက္ကသိုလ်၏ ဂုဏ်ဒြပ်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းများရေးဆွဲပြီး ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးမျှော်ကိုး၍အဆင့်ဆင့်စနစ်တကျ တည်ဆောက်ကြရပါကြောင်း။

မိုးညှင်းတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပြီးနောက် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ တက္ကသိုလ်အဆင့် ဘွဲ့နှင်းသဘင်အဆောက်အအုံ တည်ဆောက်နိုင်ရေးအတွက် အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစစ်ကာ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ ၏ **၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေကို အမျိုးသားရေးဥပဒေ၏ မူဝါဒများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီဂျစ်တယ်သင်ယူမှုပုံစံများနှင့် ကိုက်ညီစေရန် အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းရန် မည်သို့ဆောင်ရွက်ထားသနည်းနှင့် အနာဂတ်တွင် ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၇ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံပညာရေး ကော်မတီ၏ ၁/၂၀၁၃ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဆရာတစ်ဦးသည် ကိုယ်ပိုင်သင်တန်းအများဆုံး သုံးခုအထိ သင်ကြားနိုင်ပြီး ကိုယ်ပိုင်သင်တန်း တစ်ခုလျှင် ကျောင်းသင်ဘာသာရပ် သုံးခုအထိသင်ကြားနိုင်ပါကြောင်းနှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေကို ပြန်လည်စိစစ်ဆဲကာလတွင် ကျင့်သုံးရန် မူအဖြစ် အခြေခံပညာဦးစီးဌာနက ဆက်လက် လိုက်နာဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

ဘာသာရပ်သင်ဆရာ အရည်အချင်းသတ်မှတ်ချက် အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ သို့မဟုတ် ဆရာအတတ်ပညာသင်တန်းဆင်း လက်မှတ်ရရှိသူ ဖြစ်ရန်လိုအပ်ပြီး ဘွဲ့သင်တန်းနောက်ဆုံးနှစ်တွင် ဖြေဆိုခဲ့သော ဘာသာရပ် သို့မဟုတ် ဆရာအတတ် ပညာသင်တန်းတွင် ဖြေဆိုအောင်မြင်ခဲ့သော ဘာသာရပ်ကို သင်ကြားရမည်ဖြစ်ပြီး ဆရာကျင့်ဝတ် သိက္ခာနှင့် ကိုက်ညီ၍ ဘာသာရပ်သင်ကိုယ်ပိုင် သင်တန်း ဆရာမှတ်ပုံတင် လက်မှတ်ရရှိပြီးမှသာ သင်ကြားခွင့်ရရှိမည်ဖြစ်ပါကြောင်း။

၁၉၈၄ ခုနှစ် ကိုယ်ပိုင်သင်တန်းဥပဒေတွင်ပါရှိသော အသုံးအနှုန်းများနှင့် ပြစ်ဒဏ်သတ်မှတ်ချက် ငွေကြေးနှုန်းထားများမှာ ခေတ်ကာလနှင့် လိုက်လျော ညီထွေ မရှိခြင်းကြောင့် လိုအပ်ချက်များ ထပ်မံ ဖြည့်စွက်၍ ပြင်ဆင်နိုင်ရေးအတွက် အခြေခံပညာ ဦးစီးဌာနက ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ အွန်လိုင်းနှင့် ဒီဂျစ်တယ်သင်ကြားရေး စနစ်များကို လည်း ထည့်သွင်းစိစစ်လျက်ရှိပါကြောင်း၊ ဥပဒေ ပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် မူရင်း ဥပဒေပြဋ္ဌာန်းချက်များ၏ ထက်ဝက် သို့မဟုတ် သုံးပုံ နှစ်ပုံ ကျော်နေလျှင် ဥပဒေအသစ်အနေဖြင့် ရေးဆွဲ ရန်ပြဋ္ဌာန်းထားပါသဖြင့် ပညာရေးဝန်ကြီးဌာန အခြေခံ ပညာဦးစီးဌာနက စနစ်တကျ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **"ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု/ သိပ္ပံချွန်ဆု) ရွေးချယ်၍ အထူးလေ့ကျင့် ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို"** ကို တင်သွင်းရာ မတ္တရာ မဲဆန္ဒနယ်မှ ဦးလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံး အဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ၏ **"နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျော့ချပေး နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာ အဆင့်မီကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများ အလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့် အဆို"** ကို တင်သွင်းရာ သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံး အဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရုပ်နား လိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို အောက်တိုဘာ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းအဖွဲ့

e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

e-Government စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် ပြည်သူများအတွက် ပွင့်လင်းမြင်သာပြီး အမှန်တကယ် လျင်မြန်ထိရောက်သည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်စေရန်ရည်ရွယ်၍ e-Government စနစ်အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိအားကစားရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက မိမိတို့ဝန်ကြီးဌာန အနေဖြင့် e-Government စနစ် အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် အဓိကဒေါက်တိုင် သုံးခုဖြစ်သည့် အခြေခံအဆောက်အအုံ (Infrastructure)၊ စနစ်နှင့် အက်ပလီကေးရှင်းများ (Systems &Applications)နှင့် လူစွမ်းအား အရင်းအမြစ် (Human Capital) များကို ဘက်ပေါင်းစုံမှ အချိုးညီညီ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် အားကစားရေးရာ ဝန်ကြီးဌာန e-Government အကောင်အထည် ဖော်ရေးနှင့် ဆိုက်ဘာလုံခြုံရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ အဖြစ်တမ်းအတွင်း ဝန် ဦးမျိုးကျော်သူက အစိုးရဌာန များ၏ အရေးကြီးသတင်းအချက် အလက်များ လုံခြုံမှုရှိစေရန်နှင့် e-Government အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီအနေ ဖြင့် သတ်မှတ်ကာလအတိုင်း အောင်မြင်စွာ အကောင်အထည် ဖော် ဆောင်ရွက်ရေးဆိုင်ရာများ ကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးက e-Government စနစ်အား အကောင်အထည် ဖော်ဆောင်ရွက်ထားရှိမှု အခြေ အနေနှင့် ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်း ကောင်း၊ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် e-Government စနစ်နှင့်စပ်လျဉ်း သည့် နည်းပညာများ Software နှင့် Hardware များဖြင့် ရုံး လုပ်ငန်းဆိုင်ရာများတွင် လက်ရှိ အသုံးပြုလျက်ရှိသည့် အခြေအနေ များနှင့် ရှေ့ဆက်ဆောင်ရွက်သွား မည့် လုပ်ငန်းအစီအမံများကိုလည်း ကောင်း ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး အကြံပြု ပြောကြားပြီး e-Government စနစ်အား အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး သည် တစ်ဦးတစ်ယောက်တည်း၊ ဌာနတစ်ခုတည်းမှ ဆောင်ရွက်၍ မရသည့်အတွက် တာဝန်ရှိသူများနှင့် နည်းပညာ ကျွမ်းကျင်သူများ အားလုံး တက်ညီလက်ညီ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွား ကြရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။

သတင်းစဉ်

ရထားလမ်းကူးအန္တရာယ်ကင်းရှင်းရေး သင့်တာဝန်မှသည် လူတိုင်း၏အသက်ကို ကာကွယ်ပါ...

စံအောင်မြတ် (ရထား)

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တောင်ငူ- နေပြည်တော်၊ နေပြည်တော် - မန္တလေးရထားလမ်းပိုင်း၊ ပဲခူး- မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရထားအမြန်နှုန်းများတိုးမြှင့်၍ ပြေးဆွဲချိန်လျော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများအား ရန်ကုန်- မန္တလေး၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးခြင်းနှင့်အတူ အခြားလူစီးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ စုစုပေါင်း ရထားစင်းရေ ၇၈ စင်းနှင့် ကုန်ရထား၊ ကျောက်ရထားများ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါသည်။


ရထားများ မြန်နှုန်းမြှင့်ပြေးဆွဲလာသည်နှင့်အမျှ ရထားလမ်းကူးများတွင် ယာဉ်အန္တရာယ်မတော်တဆမှုများနှင့် စည်းကမ်းမဲ့ရထားလမ်းဖြတ်ကူးသူများ၏ ထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ရထားလမ်းအသုံးပြုဖြတ်သန်းနေရသည့် ပြည်သူများအနေဖြင့် ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့် အချက်များကို မဖြစ်မနေ လိုက်နာကျင့်ကြံရမည်ဖြစ်ပါသည်။

မြန်မာ့မီးရထားအနေဖြင့်လည်း ထိုအချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ မကြာခဏ ပညာပေးအစီအစဉ်အနေဖြင့် ထုတ်လွှင့်ပြသပေးပြီး ရထားလမ်းဖြတ်သန်းရာ မြို့နယ်၊ ကျေးရွာများသို့လည်း တာဝန်ရှိသူများနှင့်အတူ လူထုအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။


ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ ၉၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းနည်းဥပဒေကိုထုတ်ပြန်ကာ ပြည်သူများ သိရှိလိုက်နာစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားဝက်ဘ်ဆိုက်များတွင် ကြေညာထားရှိပါသည်။ အဆိုပါ ဥပဒေနှင့် နည်းဥပဒေများကိုလည်း ခေတ်နှင့်အညီဖြစ်စေရန် မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များပူးပေါင်း၍ ပြင်ဆင်လျက်ရှိပြီး ပြည်သူများကို ပိုမိုသိရှိလိုက်နာစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**လိုက်နာရမည့် စည်းကမ်းချက်များအနေဖြင့် ရထားသံလမ်းအား ခေါင်းအုံး၍ မလဲလျောင်းရ၊ ရထားသံလမ်းပေါ်တွင် ပိုင်းဖွဲ့စကားပြောခြင်း၊ နားနေခြင်းမပြုရ၊ မီးရထားပိုင်နယ်မြေအတွင်း လူ (သို့မဟုတ်) ကွဲ/နွား တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ၊ ရထားတံတားပေါ်မှ ဖြတ်သန်းခြင်းမပြုမီ ရှေ့နောက် ရထားသွားလာမှုကိုကြည့်ပြီး ရထားမရှိမှသာ တံတားပေါ်မှ မြန်မြန်ဖြတ်သန်းရန်၊ ရထားလမ်းကူးမည့် သူများသည် ဘေး ဘယ်/ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ဖြတ်ကူးခြင်းမပြုရ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့် မလွတ်ကင်းသည့် နေရာမှ လမ်းလျှောက်ခြင်းမပြုရ၊ ရထားစတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း၊ ရထားမရပ်မီ ရထားပေါ်မှ ခုန်ဆင်းခြင်းမပြုရ၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာတွင် ယာဉ်ချွတ်ယွင်းရပ်တန့်ပါက ရထားအချိန်မီ ရပ်တန့်နိုင်ရေးအတွက် ရထားလာနေသည့်ဘက်သို့ လူတစ်ဦးမှ သွားရောက်အချက်ပြခြင်း၊ ရထားဝန်ထမ်းအား အသိပေးခြင်း ဆောင်ရွက်ပြီးမှသာ ယာဉ်ကို လွှတ်ကင်းအောင်ဆောင်ရွက်ရန်၊ ရထားပြေးလမ်း၏ အနီးဆုံးသံလမ်းမှ ၁၀ ပေအတွင်း မည်သည့် ပစ္စည်းမှစုပုံခြင်း၊ ၁၀ ပေအမြင့်ထက် ပို၍စုပုံခြင်း၊ ယာဉ်များ ရပ်တန့်ထားခြင်းမပြုလုပ်ရ၊ ဘူတာရုံများ၌ ရထားစောင့်ဆိုင်းနေစဉ် ပလက်ဖောင်းမျဉ်းဝါလိုင်းအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ၊ သက်ကြီးရွယ်အိုများ၊ ဆွံ့အနားမကြားသူများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေးမကောင်းသူများနှင့် ကလေးသူငယ်များ အဖော်မပါဘဲ ရထားလမ်းအား ဖြတ်သန်းသွားလာခြင်းမပြုရ၊ ရထားလမ်းကူးစဉ် ရထားလာနိုင်သည်ဟု အမြဲတွေးထားပါ၊ ရထားလမ်းဖြတ်သန်းစဉ် အမြင်နှင့် အကြားအာရုံ နှောင့်ယှက်နိုင်သော နားကြပ်၊ စောင်၊ ပဝါ၊ ခေါင်းစွပ်နှင့် အခြားသောပစ္စည်းများကို တပ်ဆင်မထားရပါ၊ ရထားလမ်းပေါ်၊ ရထားလမ်းနှင့် မလွတ်ကင်းသည့်နေရာများတွင် လက်ကိုင်ဖုန်းများဖြင့် လူမှုကွန်ရက်အသုံးပြုခြင်း၊ ဖုန်းပြောခြင်းများ ရှောင်ရှားပါ၊ သတ်မှတ်ထားသောနေရာမှသာကူးပါ၊ ရထားလမ်းကူးရှိ အန္တရာယ်ကင်းရှင်းရေးအချက်ပြဆိုင်းဘုတ်များအား သေချာစွာဖတ်ရှုပါ၊ ရထားလမ်းဂိတ်ပိတ်ထားစဉ် လွှတ်ကင်းသည့်အကွာအဝေးတွင် ရပ်တန့်ရန်နှင့် တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်းမပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန် စသည်ဖြင့် မိဒီယာကဏ္ဍအမျိုးမျိုးမှလည်းကောင်း၊ သက်ဆိုင်ရာ Website များတွင်လည်းကောင်း အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

မိဘပြည်သူများ ရထားအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များ



တရားမဝင်လမ်းကူးနေရာများမှ ဖြတ်သန်းခြင်းမပြုရန်နှင့် တရားဝင်လမ်းကူးနေရာမှသာ ဖြတ်သန်းရန်။



ရထားလမ်းကူးမည့်သူများသည် ဘေးဘယ်/ညာ ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ဆင်ခြင်မဲ့ဖြတ်ကူးခြင်း မပြုရ။

တရားမဝင် ရထားလမ်းကူးနေရာနှင့် တရားဝင် ရထားလမ်းကူးနေရာဟုဆိုရာတွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနနှင့် သွားလာပို့ဆောင်ရေးဌာနတို့မှတာဝန်ယူပြီး ရထားလမ်းကူးဂိတ်စောင့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးထားသည့် တရားဝင် ရထားလမ်းကူးနေရာများ၌ မတော်တဆမှုဖြစ်နိုင်ခြေနည်းပါးပြီး တရားမဝင် ရထားလမ်းကူးနေရာနှင့် ကျေးရွာများမှ တာဝန်ယူ၍ ဂိတ်စောင့်အဖွင့်အပိတ်ပြုလုပ်သော ဂိတ်များတွင်မူ မတော်တဆဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုများကို ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၂၅ ခုနှစ်အတွင်း -

လမ်းပိုင်း	ကား	သုံးဘီးဆိုင်ကယ်	ဆိုင်ကယ်	လူ	ဂိတ်တံခါး	ထော်လာကျီ	အမှုပေါင်း	သေဆုံးမှု	ဒဏ်ရာရရှိ
ရန်ကုန်-မန္တလေး	၁	၂	၄	၁၀	၂	-	၁၉	၈	၅
ရန်ကုန်-ပြည်	၁	-	၃	၁	-	၁	၆	၁	၄
ရန်ကုန်-မော်လမြိုင်	၂	-	၂	-	-	-	၄	-	၂
ရန်ကုန်မြို့ပတ်	-	-	-	၁	-	-	၁	၁	-
အခြားလမ်းပိုင်း	၁	၂	၁	-	-	-	၄	၁	၁
စုစုပေါင်း	**၅**	**၄**	**၁၀**	**၁၂**	**၂**	**၁**	**၃၄**	**၁၁**	**၁၂**

၂၀၂၆ ခုနှစ်အတွင်း -

လမ်းပိုင်း	ကား	သုံးဘီးဆိုင်ကယ်	ဆိုင်ကယ်	လူ	ဂိတ်တံခါး	ထော်လာကျီ	အမှုပေါင်း	သေဆုံးမှု	ဒဏ်ရာရရှိ
ရန်ကုန်-မန္တလေး	၃	၁	၅	၅	-	၁	၁၅	၁၁	၇
ရန်ကုန်-ပြည်	-	-	-	၃	-	-	၃	၁	၂
ရန်ကုန်-မော်လမြိုင်	၁	-	-	-	-	-	၁	-	-
ရန်ကုန်မြို့ပတ်	-	-	-	၃	၁	-	၄	၂	၂
အခြားလမ်းပိုင်း	-	-	၂	၆	-	-	၈	၆	၄
စုစုပေါင်း	**၄**	**၁**	**၇**	**၁၇**	**၁**	**၁**	**၃၁**	**၂၀**	**၁၅**

မတော်တဆမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများ

- **စည်းကမ်းလိုက်နာမှုအားနည်းခြင်း။** ယာဉ်မောင်းသူများအနေဖြင့် ရထားလမ်းကူးသတိပေးဆိုင်းဘုတ်များ၊ အချက်ပြမီးများနှင့် ဂိတ်ဘယ်ရီယာများကိုလျစ်လျူရှုပြီး အတင်းတိုးဝင်မောင်းနှင်ခြင်း၊
- **သတိပေးချက်များကို ပေါ့ဆစွာကျော်လွှားခြင်း။** ရထားဥဩသဲ့ သို့မဟုတ် ဘဲလ်တီးသံကြားရသော်လည်း ရထားနှင့် အလွန်မီးဝေးသေးသည်ဟု မမှန်မကန်ခန့်မှန်းကာ လမ်းကူးကို အမြန်ဖြတ်ကူးရန် ကြိုးစားခြင်း၊
- **မြင်ကွင်းမရှင်းလင်းခြင်း။** ရထားလမ်းကူးအနီးအနားတွင် သစ်ပင်၊ ချုံနွယ်များဖုံးအုပ်နေခြင်း၊ ကွေးကောက်သော လမ်းဒီဇိုင်းများရှိနေခြင်း သို့မဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေဆိုင်းခြင်းတို့ကြောင့် ရထားလာသည်ကို မမြင်နိုင်ခြင်း၊
- **ဂိတ်စောင့်များ၏ အမှားအယွင်းများ။** ဂိတ်ဝန်ထမ်းများက အချိန်မှန် ဂိတ်ဘာရီယာမချမိခြင်း၊ ပေါ့ဆခြင်း သို့မဟုတ် လမ်းကူးအလိုအလျောက်စနစ်များ ပျက်စီးနေခြင်း၊
- **အာရုံစူးစိုက်မှုနည်းပါးခြင်း။** ယာဉ်မောင်းစဉ် ဖုန်းပြောခြင်း၊ သီချင်းကျယ်ကျယ် နားထောင်ခြင်း သို့မဟုတ် အခြားအရာများသို့ အာရုံရောက်နေခြင်းကြောင့် ရထားလာသည်ကို မသိရှိလိုက်ခြင်း၊
- **ယာဉ်စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်။** ရထားလမ်းကူးတွင် ဖြတ်သန်းစဉ် မော်တော်ယာဉ် သို့မဟုတ် ဆိုင်ကယ်များ စက်ထိုးရပ်သွားခြင်း သို့မဟုတ် ဘရိတ်မဖိခြင်း။

ရထားလမ်းကူး (Level Crossing) များသည် ရထားနှင့် မော်တော်ယာဉ်၊ လမ်းလျှောက်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် အလွန်အရေးပါသောနေရာများဖြစ်ပါသည်။ မီးရထားသည် မိမိသွားလိုသည့်လမ်းကြောင်းအတိုင်း သံလမ်းပေါ်တွင်သာ မောင်းနှင်ရပြီး အရှိန်ပြင်းထန်သဖြင့် ဘရိတ်ချက်ချင်းအုပ်၍ မရနိုင်ပေ။ သို့ဖြစ်ရာ ရထားလမ်းကူးများတွင် ဖြစ်ပွားသည့် မတော်တဆမှုအများစုသည် လမ်းကူးသူများ၏ ပေါ့ဆမှုနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။

ရထားလမ်းကူး မတော်တဆမှုများဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းဖြစ်သော ဂိတ်ပိတ်ထားစဉ် အတင်းတိုးဝင်ခြင်း၊ ရထားဥဩသဲ့ကြားရသော်လည်း အကွာအဝေးကို မှားယွင်းတွက်ချက်ကာ

စာမျက်နှာ ၁၁ သို့

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၇ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပသည့် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ဦးစွာ ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရဲ့ သငြိကော့စ်တို့သည် သီးသန့် တွေ့ဆုံ ဆွေးနွေးကြသည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၏ ဆွေးနွေးမှု မှတ်တမ်းကို အတည်ပြုပြီး ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်စေရန် ရည်ရွယ်၍ နှစ်နိုင်ငံ အကြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆက်အသွယ်များ ထူထောင်ခြင်းတို့ကို ပြုလုပ်နိုင်စေရန် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business-to-Business -B2B Session) ကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၄ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဧရာဝတီကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်း ကောင်း၊ JSC 'CenterInform' မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business-to-Business -B2B Session) ကို တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၇ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ ဖုဆယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီ နာယကဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြပြီး ဖုဆယ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဇမ္ဗူသီရိမြို့နယ် အသင်းနှင့် တပ်ကုန်းမြို့နယ် အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစား ကြရာ ဇမ္ဗူသီရိမြို့နယ် ဖုဆယ် အသင်းက တပ်ကုန်းမြို့နယ် ဖုဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒကို၈၈)

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် အောက်တိုဘာ ၇ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/၈လ**

စာမျက်နှာ ၁၀ မှ

အမြန်လုဖြတ်ကူးခြင်း၊ ယာဉ်မောင်းစဉ် ဖုန်းပြောခြင်းနှင့် အာရုံစူးစိုက်မှုနည်းပါးခြင်းတို့ကြောင့် မတော်တဆမှု ဖြစ်ပွားပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြီးမားသော ထိခိုက်ပျက်စီးမှုများကို ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ရထားတစ်စင်းလုံး၏ အရှိန်နှင့် အလေးချိန်သည် မော်တော်ယာဉ်တစ်စီး သို့မဟုတ် ဆိုင်ကယ်တစ်စီးထက် အဆပေါင်းများစွာကြီးမားသဖြင့် မတော်တဆမှုမဖြစ်ပွားအောင် အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။

“အန္တရာယ်ကင်းရှင်းရေးသည် မီးရထားဝန်ထမ်းများ၏ တာဝန်သာမက လမ်းကူးကို အသုံးပြုကြသူတိုင်း၏ တာဝန်လည်းဖြစ်ပါသည်။ ရထားလမ်းကူးတိုင်းတွင် “ရပ်၊ ကြည့်၊ သွား” ဆိုသည့် ရိုးရှင်းသော အခြေခံစည်းကမ်းကို လိုက်နာခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ရထားလမ်းကူးသို့ မရောက်မီ အရှိန်လျှော့ခြင်း၊ ဂိတ်နှင့် သတိပေးမီးများကို လိုက်နာခြင်း၊ ရထားဥဩသံကို ဂရုစိုက်နားထောင်ခြင်းတို့သည် မိမိနှင့် မိမိ မိသားစု၏ အသက်ကို စောင့်ရှောက်ပေးသည့် မရှိမဖြစ် အလေ့အကျင့်များပင်ဖြစ်”



မီးရထားပိုင်နယ်မြေအတွင်း လူ(သို့မဟုတ်) ကွဲ/နွား တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ လွတ်ကျောင်းခြင်း၊ ဖြတ်သန်းစေခြင်းမပြုရ။



ရထားလမ်းဂိတ်ပိတ်ထားစဉ် လွတ်ကင်းသည့် အကွာအဝေးတွင် ရပ်တန့်ထားရန်။

အန္တရာယ်ကင်းရှင်းရေးသည် မီးရထားဝန်ထမ်းများ၏ တာဝန်သာမက လမ်းကူးကို အသုံးပြုကြသူတိုင်း၏ တာဝန်လည်းဖြစ်ပါသည်။ ရထားလမ်းကူးတိုင်းတွင် “ရပ်၊ ကြည့်၊ သွား” ဆိုသည့် ရိုးရှင်းသော အခြေခံစည်းကမ်းကိုလိုက်နာခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ရထားလမ်းကူးသို့မရောက်မီ အရှိန်လျှော့ခြင်း၊ ဂိတ်နှင့် သတိပေးမီးများကိုလိုက်နာခြင်း၊ ရထားဥဩသံကို ဂရုစိုက်နားထောင်ခြင်းတို့သည် မိမိနှင့် မိမိ မိသားစု၏အသက်ကို စောင့်ရှောက်ပေးသည့် မရှိမဖြစ် အလေ့အကျင့်များပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရထားလမ်းကူး အန္တရာယ်ကင်းရှင်းရေးသည် လူတိုင်း တစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုနှင့် စာနာထောက်ထားမှုအပေါ်တွင် မူတည်နေပါသည်။ လမ်းကူးအချက်ပြများကို လေးစားလိုက်နာပြီး သတိတရားဖြင့် ယဉ်ကျေးစွာမောင်းနှင်ခြင်းဖြင့် ရထားလမ်းကူး မတော်တဆမှုများကို လျော့ချနိုင်မည်ဖြစ်သလို မိမိ၏ စည်းကမ်းရှိသော ပြုမူဆောင်ရွက်မှုမှတစ်ဆင့် လူတိုင်း၏ အသက်အိုးအိမ်စည်းစိမ်ကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ် လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ဝါအခြေခံ MSME လုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းဖြင့်တင်ရေးအတွက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဝါနေ့ အထိမ်းအမှတ်အဖြစ် ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ်လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှင်းလင်းဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်း အထွေထွေမန်နေဂျာက ဝါစိုက်ပျိုးရေးမှသည် အထည်အလိပ်ထုတ်လုပ်မှုအထိ တန်ဖိုးကွင်းဆက်အဆင့်ဆင့်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေး၊ မဟာဗျူဟာဆိုင်ရာ အသိပညာပေးရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက ကုန်စည်ကွင်းဆက်ခွဲခြမ်းစိတ်ဖြာခြင်းမှ ဘဏ္ဍာရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုစာတမ်းများကို ဖတ်ကြားကြပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ရာသီဥတုဒဏ်ခံနိုင်သော ဝါစိုက်မျိုးစေ့များ စိုက်ပျိုးရေးနှင့် ရေသုံးစွဲမှုထိရောက်ရေး၊ နည်းပညာများ ပံ့ပိုးပေးရေးဆိုင်ရာတို့ကို လည်းကောင်း၊ ကုန်သွယ်မှု ဖြွင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဝါစိုက်တောင်သူများ စွေးကွက်သို့ တန်းတူညီမျှဝင်ရောက်ရရှိနိုင်ရေးနှင့် သင့်တင့်မျှတသော ကုန်သွယ်ရေးစနစ် ဖန်တီးရေးဆိုင်ရာတို့ကိုလည်း ကောင်း၊ ကိန္နရီအထည်ချည်လုပ်ငန်းရှင် ဦးလှမျိုးက ဝါအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စားပွဲပိုင်း ငါးပိုင်းခွဲ၍ အုပ်စုအလိုက် ဆွေးနွေးခြင်းနှင့် လက်တွေ့တွက်ချက်ခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်ကျစရိတ်နှင့် အလေအလွင့် ဖော်ထုတ်ခြင်း၊ အုပ်စုအလိုက် တွေ့ရှိချက်များ တင်ပြခြင်း၊ အဓိကပြဿနာများနှင့် အချက်အလက် ကွာဟမှုဖော်ထုတ်ခြင်းများ ဆောင်ရွက်ကြပြီး အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးက မူဝါဒအကြံပြုချက်များဖော်ထုတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များသတ်မှတ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်

အဆိုပါဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါကဲ့သို့ အဆင့်ဆင့်ချိတ်ဆက်နေသော စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများအတွက် တန်ဖိုးပိုမိုဖန်တီးနိုင်မှု၊ သွင်းအားစုများအပေါ် မှီခိုနေရမှု၊ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် လိုအပ်နေမှုတို့ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ပါက ဝါတန်ဖိုးကွင်းဆက်အဆင့်တိုင်းတွင် တန်ဖိုးတိုးမြှင့်မှုများ သိသိသာသာ တိုးတက်လာမည့်အပြင် ကုန်ကြမ်းပြတ်လပ်မှုနှင့် ပြည်ပမှ ချည်တင်သွင်းရမှုအပေါ် မှီခိုနေရမှုကိုလည်း လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် MSME များ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထုတ်ကုန်အရည်အသွေးများကို မြှင့်တင်ပေးနိုင်ပြီး တောင်သူများအတွက်လည်း ခိုင်မာသောစွေးကွက် ချိတ်ဆက်မှုနှင့် အမြတ်ဝေစုအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာကာ ပြည်တွင်းစွေးကွက်မှသည် ပြည်ပတင်ပို့စွေးကွက်အထိ အဆင့်မြှင့်တင် တက်လှမ်းသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝါစိုက်တောင်သူများ စိုက်ဇကာတိုးချဲ့နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး စိုက်နည်းစနစ်မှန်ကန်စေရေးအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး ကမ္ဘာ့ဝါနေ့ဖြစ်ပေါ်လာပုံနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဝါနေ့၏အနှစ်သာရ (Theme) Video Clip ကို ပြသသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးများ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှ ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ၊ ဝါစိုက်ပျိုးထုတ်လုပ်သူများ၊ ဝါကြိတ်စက်ရုံနှင့် ချည်မျှင်၊ အထည်အလိပ်၊ အဝတ်အထည်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များ၊ အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်များ၊ သုတေသီများနှင့် နည်းပညာရှင်များ တက်ရောက်ကြသည်။

ဝါအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးကွင်းဆက်စရိတ် လေ့လာဆန်းစစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*** ကျောဖုံးမှ**

ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅၂ ထပ်အဆောက်အအုံ ၁၎င်းအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ၆ ထပ် အဆောက်အအုံ ၁ လုံး အားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ် ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံများအား အမြန်ဆုံးဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုမြင်ပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးစဉ်။

❖ ကျောဖုံးမှ

ယနေ့နောက်ဆုံးရရှိသည့် MRI စစ်ဆေးချက်များအရ ဖီဟာအာဆီယံ ဗလာပြိုင်ပွဲတွင် ဒူးအရွတ်ဒဏ်ရာ ရရှိခဲ့သည့် ကွင်းလယ်လူ လွင်မိုးအောင်သည် ဒဏ်ရာအခြေအနေကြောင့် လာမည့်သောကြာနေ့တွင် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး ခွဲစိတ်မှုပြီးပါက အချိန်လုံလောက်စွာ အနားယူရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ ခံစစ်ကစားသမား ဟိန်းဖြိုးဝင်းမှာ ခွဲစိတ်ကုသရန်မလိုအပ်တော့ဘဲ MFF ဆေးဘက်ဆိုင်ရာ အဖွဲ့၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်ခန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး မောင်မောင်လွင်သည် လည်း ခွဲစိတ်ရန်မလိုတဲ့ လက်ရှိတွင် အပေါ့စားလေ့ကျင့်မှုများကို ပြန်လည်ပြုလုပ်နေပြီ ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့် နိုဝင်ဘာလအတွင်း မြန်မာ့လက်ရွေးစင်အသင်းအတွက် ဖီဖာနိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနိုင်ရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုး၊ ဓာတ်ပုံ–MFF**

❖ ကျောဖုံးမှ

ငင်းသည် တရုတ်အိုးပင်းပြိုင်ပွဲတွင် ရှုံးပွဲမရှိစဲချိန်မှတ်တမ်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး တင်းနစ်ကစားသမားဘဝ (၁၀၂) ကြိမ်မြောက်ဗလားကို ဆွတ်ခူးရရှိခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ငင်းသည် ရော်ဂျာဖက်ဒဲရာ၏ (၁၀၃)ကြိမ်မြောက် စံချိန်ကို လိုက်မီရန် တစ်ကြိမ်သာ လိုအပ်တော့သည်။

ဂျိုကိုဗစ်သည် တစ်နှစ်လျှင် အနည်းဆုံး ဗလားတစ်လုံးဆွတ်ခူးနိုင်သည့် စံချိန်မှတ်တမ်းကို ၂၁ နှစ်ဆက် ထိန်းထားနိုင်ခဲ့သည်။ ငင်းသည် တရုတ်အိုးပင်းပြိုင်ပွဲတစ်လျှောက်တွင် အလက်ခန္ဒြားဇေဗရက်စ်၊ ဒါနီအဲလ် မက်ဗီဒက်ဖ်စသည့် ထိပ်တန်းအဆင့် တင်းနစ်အကျော်အမော်များကို ကျော်ဖြတ်ကာ တရုတ်အိုးပင်းဗလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အောင်ဇော်

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

ပြေးခုန်ပစ်ပြိုင်ပွဲတွင် စံချိန်သစ်များတင်နိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် နိုင်ငံတော်အားကစားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ဒေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ–၁၅၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ (၁)မီတာ–၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ–၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား(၁၀) မျိုးစုံ(၂)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ–၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား(၁၀) မျိုးစုံ(၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ–၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား(၁၀)မျိုးစုံ (၅)မီတာ–၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ ဒေယျာသီရိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အမျိုးသား(၁၀)မျိုးစုံ (၃)သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ယခင်နှစ်စံချိန်များထက် အမျိုးသမီး(၇)မျိုးစုံ (၂)တန်းမြင့်ခုန်ပြိုင်ပွဲ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းမှ ယဉ်ယဉ်စိုးသည် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ နန်းဖြူပြောမြင့်၏ စံချိန် ၁ ဒသမ ၅၈ မီတာကို ကျော်လွှန်ပြီး ၁ ဒသမ ၆၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် ၁၉၈၅ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး (၇) မျိုးစုံ ပြိုင်ပွဲတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ရာဒါဒေဝီ စံချိန်တင်ရရှိခဲ့သည့် အမှတ်ပေါင်း ၃၉၃၉ မှတ်အား ကျော်လွန်၍ ယဉ်ယဉ်စိုးက ရမှတ်ပေါင်း ၄၀၈၇ မှတ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အလားတူ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ သွယ်သွယ်မိုးသည် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းစံချိန်တင်ထားသည့် ၄၇ ဒသမ ၄၈ မီတာအား ကျော်လွန်၍ ၅၀ ဒသမ ၀၃ မီတာဖြင့် စံချိန်သစ်အား တင်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျုံဒိုပြိုင်ပွဲကို ဒေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဒေယျာသီရိတပ်မတော် အားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီးကွာတား အဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဒေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း၊ ၅၅–၆၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ ၄၅–၅၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(က)တန်း အကြိုဖိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(ခ)တန်း အကြိုဖိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(က)တန်း အတိုက်ပြိုင်ပွဲအကြိုဖိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက် (ခ)တန်း အတိုက်ပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်သိုင်း စွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသမီး နှစ်ယောက်အတွဲ တိုက်စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့်(က)အဆင့် အကြိုဖိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဒေယျာသီရိ တပ်မတော် အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဒေယျာသီရိလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ပထမအကြိုဖိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျောဝိုးမှ*

ပြိုင်ပွဲ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ အလျားခုန်နှင့် ကြိုးတပ်သံလုံးပစ်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ လင်းထက်က စံချိန် ၆:၃၆.၃၆ စက္ကန့်ဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လူဝီးက စံချိန် ၆:၄၂.၀၈ စက္ကန့်ဖြင့် ဒုတိယ၊ ရေဝတီတိုင်းဒေသကြီးမှ သော်ဇင်ကိုကိုက စံချိန် ၆:၅၅.၀၀ စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ကောင်းမြတ်ဇော်က စံချိန် ၅၈.၅၆ စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ခွန်ကောင်းထက်စံက စံချိန် ၅၉.၅၉ စက္ကန့်ဖြင့် ဒုတိယ၊ ရေဝတီတိုင်းဒေသကြီးမှ စောခနက်က စံချိန် ၆၁.၁၀ စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် တနသ်ာရီတိုင်းဒေသကြီးမှ ဟိန်းမြတ်ဇော်က စံချိန် ၅.၈၇ မီတာဖြင့် ပထမ၊ ရေဝတီတိုင်းဒေသကြီးမှ ထက်မြတ်အောင်က စံချိန် ၅.၆၆ မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဘုန်းမြတ်ကျော်က စံချိန် ၅.၄၆ မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှစောတောဘလူမူးက စံချိန် ၄၁.၁၆ မီတာဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ ဟိန်းသူရမိုးက စံချိန် ၃၆.၅၀ မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဘုန်းနိုင်က စံချိန် ၃၄.၁၅ မီတာဖြင့် တတိယရရှိခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ စုစုထွေးက စံချိန် ၂၉:၁၅.၂၂ စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ အိဖြူးဇင်က စံချိန် ၂၉:၃၁.၉၁ စက္ကန့်ဖြင့် ဒုတိယ၊ ကယား ပြည်နယ်မှ ကြယ်ဇင်လင်းက စံချိန် ၃၀:၂၂.၈၈ စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုံကမ်းက စံချိန် ၈:၁၈.၆၀ စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဝင်းရတနာထွန်းက စံချိန် ၈:၄၄.၆၈ စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်မှ ဝင်းဝင်းက စံချိန် ၉:၀၆.၇၅ စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ချစ်စန်းဇော်က စံချိန် ၆၇.၈၅ စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ နန်းရွှေဌေးက စံချိန် ၇၃.၂၁ စက္ကန့်ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းမေသက်ခိုင်က စံချိန် ၇၅.၇၄ စက္ကန့်ဖြင့် တတိယ၊ အလျားခုန် ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးမှ မေသက်ခိုင်က စံချိန် ၄.၆၄ မီတာဖြင့် ပထမ၊ မွန်ပြည်နယ်မှ သီရိမွန်က စံချိန်၄.၂၃ မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ သန္ဓာလှိုင်က စံချိန် ၄.၁၈ မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နော်ယမင်းအေးက စံချိန် ၃၈.၈၀ မီတာဖြင့် ပထမ၊ ရေဝတီတိုင်းဒေသကြီးမှ နန်းဂျူးဂျူးက စံချိန် ၂၉.၈၃ မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဆုဆုလှိုင်က စံချိန် ၂၈.၇၆ မီတာဖြင့် တတိယရရှိကြသည်။

လာရောက်အားပေးကြည့်ရှုနိုင်

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–18 ပြေးခုန်ပစ်ပြိုင်ပွဲ"ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဝိုးမှ*

ISPE အသင်းပွဲစဉ်တွင် ISPE အသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် စစ်ငြိမ်းချမ်းဦးနှင့် ပွဲချိန် ၅၃ မိနစ်တွင် မာန်ရဲလေးတို့က သွင်းယူပေးခဲ့သော်လည်း ဒဂုံစတားယူနိုက်တက်အသင်းမှ တိုက်စစ်ကစားသမား ညီနိုင်က ပွဲချိန် ၄၂ နှင့် ၆၉ မိနစ်တို့တွင် သုံးဂိုး (ဟက်ထရစ်) သွင်းယူခဲ့သည်။ ထို့နောက် ပွဲချိန် ၆၅ မိနစ်တွင် ထွန်းလင်းအောင်က တစ်ဂိုးထပ်မံသွင်းယူပေးခဲ့သောကြောင့် ပွဲပြီးချိန်တွင် ဒဂုံစတား ယူနိုက်တက်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဟက်ထရစ် သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ညီနိုင်က ရရှိခဲ့သည်။

သိဟဒိယကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ပွဲစဉ်တွင် နှစ်ဖက် အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲချိန် ၅၁ မိနစ်တွင် မျိုးမင်းခန့်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းမှ ပွဲချိန် ၆၃ မိနစ်တွင် ပြည့်ဖြိုးအောကာညွှန့်သိန်းက ချေပဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းဂိုးသမား ဖြိုးသက်ပိုင်က ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် FALCON အသင်းပွဲစဉ်တွင် အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် ထိုးဖောက်ကစားခဲ့ကြပြီး ပွဲချိန် ၅၈ မိနစ်တွင် စိုင်းမြတ်မင်းက FALCON အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ စစ်ကိုင်းယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ပိုင်သက်ဦးက ပြန်လည် သွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကာ အမှတ်ခွဲယူခဲ့ကြသည်။

နေမျိုး၊ ဓာတ်ပုံ–ML

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

ကမ္ဘာတစ်ဝန်းမှ စီးပွားရေးခေါင်းဆောင်များ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး ဆွေးနွေး

စင်ကာပူ အောက်တိုဘာ ၇

ကမ္ဘာတစ်ဝန်းမှ စီးပွားရေးခေါင်းဆောင်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် AI (ဉာဏ်ရည်တု) နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးအပါအဝင် အကြောင်းအရာအများအပြားကို တွေ့ဆုံဆွေးနွေးရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေကြကြောင်း သိရသည်။

ဆွေးနွေးပွဲ၏ ရည်မှန်းချက်တစ်ခုမှာ AI ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ကမ္ဘာ့ထိပ်တန်းမှ ဦးဆောင်လျက်ရှိသည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အပေါ် မှီခိုအားထားမှုလျော့ချရန် ဖြစ်သည်။ မေလ်ကင်နှ်အင်စတီကျူအာရှထိပ်သီးအစည်းအဝေး ၂၀၂၆ ကို အောက်တိုဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းမှာ အကျိုးအမြတ်မယူသော အမေရိကန်အခြေစိုက် သုတေသနအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ညီလာခံတစ်ခုဖြစ်သည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၅၀ ခန့်မှ လူပေါင်း ၁၅၀၀ ခန့် ပါဝင်တက်ရောက်ဖွယ်ရှိကြောင်း သိရသည်။

ပထမနေ့၏ အဓိကဆွေးနွေးမည့် အကြောင်းအရာတစ်ခုမှာ AI ဘေးကင်းလုံခြုံရေးအပြင် အစိုးရများနှင့် ကုမ္ပဏီများအနေဖြင့် AI နည်းပညာကို လွတ်လပ်စွာ မည်ကဲ့သို့အသုံးပြုနိုင်မည်နည်းဆိုသည်ကို ဆွေးနွေးသွားဖွယ်ရှိသည်။ အဆိုပါညီလာခံကို အောက်တိုဘာ ၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အင်နှအိတ်ချ်ကေ



၂၀၂၆ ဓာတုဗေဒနိုဘယ်ဆုကို ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များ ရရှိ

စတော့ဟုမ်း အောက်တိုဘာ ၇

ဆွီဒင်တော်ဝင်သိပ္ပံ အကယ်ဒမီက အောက်တိုဘာ ၇ ရက်တွင် ၂၀၂၆ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ဓာတုဗေဒပညာရှင် ဟင်နရီ ကာဂန်နှင့် ကင်ဆိုဆိုအိုင်တို့အား အချိုးမညီသောအော်ဂဲနစ် ဓာတုပေါင်းစပ်မှုတွင် မျဉ်းဖြောင့်တိုင်း မဟုတ်သော သက်ရောက်မှုများနှင့် အလိုအလျောက် ဓာတ်ကူပြုမှုတို့ကို ရှာဖွေတွေ့ရှိမှုအတွက်ချီးမြှင့်လိုက်ကြောင်း ကြေညာခဲ့သည်။



အကယ်ဒမီ၏ အဆိုအရ အဓိပ်ဓိသိအက်ဆစ် ကဲ့သို့သော မော်လီကျူးအချို့သည် တစ်ခုနှင့်တစ်ခု မှန်ထဲတွင် ပြန်ဖြင်ရသည့် ပုံရိပ်များကဲ့သို့ ပုံစံနှစ်မျိုးဖြင့် တည်ရှိနိုင်သည်။ သို့သော် သက်ရှိအရာများတွင်မူ ထိုမှန်ပုံရိပ်ပုံစံနှစ်မျိုးအနက် တစ်မျိုးတည်းသာ ပါဝင်နေသည်။ ဓာတုဗေဒတွင် homochirality ဟုခေါ်သည့် မော်လီကျူးများ၏ မှန်ပုံရိပ်ပုံစံများအနက် တစ်မျိုးတည်းကိုသာ သက်ရှိများတွင် တွေ့ရသည့် ဓာတုဖွဲ့စည်းပုံမညီမျှမှု မည်သို့ပေါ်ပေါက်လာသည်ဆိုသည်မှာ ဓာတုဗေဒပညာရှင်များအတွက် ရာစုနှစ်တစ်ခုကျော်ကြာ လျှို့ဝှက်ချက်တစ်ရပ်အဖြစ် ရှိနေခဲ့သည်။

သို့သော် ယခုနှစ် နိုဘယ်ဆုသည် homochirality ဖြစ်ပေါ်စေသည့် ဓာတုတုံ့ပြန်မှုများကို ဓာတုဗေဒပညာရှင်များက ထိန်းချုပ်လုပ်ဆောင်နိုင်စေရန် အထောက်အကူပြုခဲ့သည့် ရှာဖွေတွေ့ရှိမှုများကို အသိအမှတ်ပြုခြင်းဖြစ်သည်ဟု အကယ်ဒမီက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဓာတုဗေဒ နိုဘယ်ဆု ကော်မတီဥက္ကဋ္ဌ ဟိုင်နာ လင့်ခ်ကီက ဟင်နရီ ကာဂန်နှင့် ကင်ဆိုဆိုအိုင်တို့သည် ရာစုနှစ်တစ်ခုကျော်ကြာရှိခဲ့သည့် ဓာတုဗေဒဆိုင်ရာ လျှို့ဝှက်ချက်တစ်ရပ်ဖြစ်သော homochirality သည် အလိုအလျောက်မည်သို့ပေါ်ပေါက်လာနိုင်သည်ဆိုသည့် မေးခွန်းအတွက် အဖြေတစ်ရပ်ကို ပေးနိုင်ခဲ့ကြောင်း၊ ၎င်းတို့ ဖော်ထုတ်ခဲ့သည့် ဓာတုတုံ့ပြန်မှုများမှာ အလွန်ထူးခြားအံ့သြဖွယ်ကောင်းကြောင်း ပြောကြားခဲ့သည်။

ဟင်နရီကာဂန်ကို ပြင်သစ်နိုင်ငံ၌ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က မွေးဖွားခဲ့ပြီး ပြင်သစ်နိုင်ငံ အော်ဆေးဖြို့ရှိ ပါရီ-ဆုဒ် တက္ကသိုလ်နှင့် ဆက်နွယ်လုပ်ကိုင်နေသူဖြစ်သည်။ ကင်ဆို ဆိုအိုင်ကို ဂျပန်နိုင်ငံ၌ ၁၉၅၀ ပြည့်နှစ်က မွေးဖွားခဲ့ပြီး လက်ရှိတွင် တိုကျို သိပ္ပံတက္ကသိုလ်၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသည်။

ဆင်ဟွာ

ကမ္ဘောဒီးယားဝန်ကြီးချုပ်က အီး-စီးကရက်သုံးစွဲမှု မြင့်တက်လာခြင်းအပေါ် စိုးရိမ်

ဖနောင်ပင် အောက်တိုဘာ ၇

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က မကြာသေးမီက အီလက်ထရွန်နစ်စီးကရက် (e-cigarette) သို့မဟုတ် ဗိတ် (vape) သုံးစွဲမှု မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင်း အောက်တိုဘာ ၇ ရက်က ပြောကြားခဲ့ပြီး အဆိုပါပစ္စည်းများ တင်သွင်းမှုကို တားမြစ်ထားသည့် နိုင်ငံ၏ လက်ရှိဥပဒေများကို တင်းကျပ်စွာ အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ အာဏာပိုင်များအား ညွှန်ကြားခဲ့သည်။

ဖနောင်ပင်မြို့ရှိ ကျန်းမာရေးသိပ္ပံတက္ကသိုလ် တည်ထောင်ခဲ့သည့် နှစ် (၈၀) ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ဟွန်မာနက်က မိန့်ခွန်းပြောကြားရာ၌ ဗိတ်သုံးစွဲခြင်းသည် သုံးစွဲသူများ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေးလုံခြုံမှုနှင့် အများပြည်သူစည်းကမ်းတည်ငြိမ်ရေးကိုပါ ခြိမ်းခြောက်နေကြောင်း သတိပေးပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဗိတ်သုံးစွဲမှုမြင့်တက်လာနေပြီး အထူးသဖြင့် ဆယ်ကျော်သက်လူငယ်များအကြား ပိုမိုများပြားလာနေကြောင်း၊ ယင်းသည် စိုးရိမ်စရာကိစ္စတစ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ အရေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ရိုးရာနှင့် အီး-စီးကရက်များ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် သုံးစွဲခြင်းတို့ကို ၂၀၁၄ ခုနှစ်ကတည်းက တားမြစ်ထားခဲ့သည်။

ဆင်ဟွာ

သိရိလင်္ကာ၌ အစိုးရဝန်ထမ်းများအားလုံးကို တရားဝင်အီးမေးလ်လိပ်စာများ ပေးအပ်မည်

ကိုလံဘို အောက်တိုဘာ ၇

သိရိလင်္ကာအစိုးရသည် အများပြည်သူဝန်ဆောင်မှုကဏ္ဍတွင် ဒီဂျစ်တယ်ကဏ္ဍစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အစိုးရဝန်ထမ်းအားလုံးကို တရားဝင်အီးမေးလ်လိပ်စာများ ပေးအပ်သွားရန် ဆုံးဖြတ်ထားကြောင်း ဒီဂျစ်တယ်စီးပွားရေးဒုတိယဝန်ကြီး အီရန်ဂါ ဝီရရာတနာက အောက်တိုဘာ ၇ ရက်တွင်ပြောသည်။

ယင်းသို့ပြုလုပ်ခြင်းဖြင့် အများပြည်သူဝန်ဆောင်မှုကဏ္ဍတွင် ချိတ်ဆက်မှု ပိုမိုတိုးတက်လာပြီး အစိုးရအဖွဲ့စည်းများကြားဆက်သွယ်မှု ပိုမိုမြန်ဆန်လာနိုင်မည်ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

တရားဝင်အီးမေးလ်စနစ်သည် စာရွက်စာတမ်းများ၊ အခြားအရေးကြီးသော အချက်အလက်များကို မျှဝေရာတွင် လွယ်ကူစေမည့်အပြင် ဗီဒီယို အစည်းအဝေးပြုလုပ်ခြင်းကဲ့သို့ ဝန်ဆောင်မှုများကိုလည်း အထောက်အကူပြုနိုင်မည်ဟုပြောကြားခဲ့သည်။ အစိုးရအရာရှိများသည် လတ်တလောတွင် လုပ်ငန်းတာဝန်များအတွက် ၎င်းတို့၏ကိုယ်ပိုင် အကောင့်များကို အသုံးပြုနေကြသည်။

ဆင်ဟွာ

ဂါဇာကမ်းမြောင်ပဋိပက္ခ သုံးနှစ်ပြည့်မြောက်သော်လည်း လူသားချင်းစာနာမှုအခြေအနေ ဆိုးရွားနေဆဲဖြစ်

ဂါဇာ အောက်တိုဘာ ၇

ဂါဇာကမ်းမြောင် ဒေသတွင် အစ္စရေးနှင့်အစ္စလာမ္မစ် ဟားမားစ် အဖွဲ့တို့အကြား ပဋိပက္ခဖြစ်ပွားမှုမှာ အောက်တိုဘာ ၇ ရက်တွင် သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေမှာ ဆိုးရွားနေဆဲဖြစ်ကြောင်း သိရသည်။

ဂါဇာ ကျန်းမာရေးအာဏာပိုင်များက ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစတင်ကာ လူပေါင်း ၇၄၄၅၅ ဦး သေဆုံးကြောင်း ပြောသည်။

ကုလသမဂ္ဂ အေဂျင်စီက ဂါဇာကမ်းမြောင်ရှိ နေအိမ်ပေါင်းလေးပုံသုံးပုံကျော်မှာ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားပြီး လူဦးရေထက်ဝက်နီးပါးမှာလည်း ဝိုးရာသီကာလမရောက်မီ ရေကြီးရေလျှံမှု အန္တရာယ်ရှိသည့် နေရာဒေသများတွင် နေထိုင်ကြလျက်ရှိကြောင်း ပြောသည်။ ထို့အပြင် လူပေါင်းများစွာမှာလည်း အသက်အန္တရာယ်မြိမ်းခြောက်မှုရှိသော အခြေအနေများနှင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။

အင်နှအိတ်ချ်ကေ

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၁၀၀၀ ကျော်ရှိ

လေဝစ်အိန်ဂျလိစ် အောက်တိုဘာ ၇

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ ၂၀၂၆ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၁၀၀၀ ကျော်ရှိပြီး ငါးဦးသေဆုံးကာ ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၁၉၈ ဦးရှိသည်ဟု ပြည်နယ်ကျန်းမာရေး အရာရှိများက ပြောသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားမှုမှာ ဆယ်စုနှစ်သုံးစုကျော်အတွင်း အကြီးမားဆုံးဖြစ်ရပ်ဟု သိရသည်။

ခရိုင်ပေါင်း ၃၉ ခုတွင် ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၁၀၀၄ ဦးရှိသည်ဟု ပင်ဆယ်ဗေးနီးယားပြည်နယ်ကျန်းမာရေးဌာနက အောက်တိုဘာ ၅ ရက်တွင် ပြောသည်။

ပုံမှန်အားဖြင့် ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ ကျန်းမာရေးစောင့်ရှောက်သူများသည် ကာကွယ်ဆေးအကြိမ်ရေ ၂၅၀၀၀ ထိုးနှံပေးလေ့ရှိသည်။ သို့သော် ဩဂုတ်လတွင် အကြိမ်ရေ ၄၉၀၀၀ ကျော်နှင့် စက်တင်ဘာလတွင် အကြိမ်ရေ ၅၃၀၀၀ ကျော် ထိုးနှံပေးခဲ့သည်ဟု ပြည်နယ်ကျန်းမာရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ဆင်ဟွာ

မွန်ဂိုလီးယား၌ ရင်သားကင်ဆာဖြစ်ပွားမှုမှာ ကင်ဆာရောဂါအားလုံးအနက် ဆဋ္ဌမမြောက် အများဆုံးဖြစ်

အူလန်ဘာတာ အောက်တိုဘာ ၇

မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ် အတွင်း ရင်သားကင်ဆာ ထပ်မံစစ်ဆေးတွေ့ရှိသူပေါင်း ၄၀၆ ဦးရှိသည့်အတွက် စာရင်းသွင်းထားသည့် ရင်သားကင်ဆာဖြစ်ပွားသူ စုစုပေါင်း ၂၈၅၂ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများက အောက်တိုဘာ ၆ ရက်တွင် ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါကိန်းဂဏန်းများကို ရောဂါဖြစ်ပွားမှု ဆောလျင်စွာ ရှာဖွေတွေ့ရှိနိုင်ရေး၊ ဖြစ်ပွားနိုင်ခြေရှိသော အချက်အလက်များနှင့် ရောဂါဝေဒနာခံစားနေရသူများအတွက် ပုံပိုးပေးနိုင်ရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုအသိပညာတိုးတက်လာစေရန် နှစ်စဉ် အောက်တိုဘာလတွင် ပြုလုပ်သော "ရင်သားကင်ဆာ အသိပညာပေးလ" ၏တစ်စိတ်တစ်ပိုင်းအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံ၌ လွန်ခဲ့သည့် ငါးနှစ်အတွင်း ရင်သားကင်ဆာကြောင့် သေဆုံးသည့် အမျိုးသမီး ၅၁၅ ဦးရှိပြီး ရင်သားကင်ဆာသည် ကင်ဆာရောဂါဖြစ်ပွားမှုအားလုံးအနက် ဆဋ္ဌမမြောက် အများဆုံးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၆၀ ရှိလာ

ဗန်ကောက် အောက်တိုဘာ ၇


ထိုင်းနိုင်ငံ၌ ရေကြီးမှုနှင့် ဆက်စပ်၍ သေဆုံးသူဦးရေမှာ အောက်တိုဘာ ၇ ရက် နံနက် ၆ နာရီအထိ ၆၀ ခန့်ရှိသည်ဟု သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးစေရေးဌာနက ပြောသည်။

ဗန်ကောက်မြို့နှင့် အခြားပြည်နယ် ၂၇ ခုတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး ရေလွှမ်းမိုးမှုဒဏ်ခံစားရသည့် မိသားစုပေါင်း ၁ ဒသမ ၁၅ သန်းရှိသည်ဟု သိရသည်။

ထို့အပြင် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ နိုင်ငံအတွင်းရှိ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့် မိုးသီးကြေခြင်းတို့ ဖြစ်ပေါ်နိုင်သည်ဟု ထိုင်းမိုးလေဝသဌာနက အောက်တိုဘာ ၇ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဟန်းရှင်လူပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်



နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအကြောင်းကို ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ထားဝယ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုသဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ကမ်ရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဆေးကုသမှုခံယူလျက်ရှိသည့် ရဟန်းရှင်လူပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူနာများအတွက် လိုအပ်သော ဆေးဝါး၊ အစာအသောက်၊ သောက်သုံးရေနှင့် အခြားအခြေခံလိုအပ်ချက်များ ရရှိအောင်ကူညီဆောင်ရွက်ပေးရန်နှင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ ပြဘုတ်များ၊ သဘာဝအန္တရာယ်ဖြစ်ပေါ်ပြီး ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်သည့် ကိစ္စများအတွက် ဌာနဆိုင်ရာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ စည်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဒေသတွင်း စားရေရိက္ခာဖူလုံပို့လှုံစေရေးအတွက် လအလိုက် တိုးချဲ့မွေးမြူသွားရမည့် စီမံချက်ပါအတိုင်း မွေးမြူနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

ပဲခူး အောက်တိုဘာ ၇

ဒေသတွင်း စားရေရိက္ခာဖူလုံပို့လှုံစေရေးအတွက် လအလိုက် တိုးချဲ့မွေးမြူသွားရမည့် စီမံချက်ပါအတိုင်း မွေးမြူနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စားဖိုဆောင်သီးနှံများကိုလည်း နေအိမ်အလိုက် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့နံနက်ပိုင်းတွင် တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထိုပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်စေရေးအတွက် MSMEs လုပ်ငန်းများ စည်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ အပူခိုန်မြင့်မားလာမှုကြောင့် ဒေသတွင်းလူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိစေရေး အပူရှောင်စခန်းများကို ကြိုတင်ပြင်ဆင်ခြင်းနှင့် အသိပညာပေးခြင်းများကို စည်ဆက်မပြတ် ဆောင်ရွက်သွားရန်လည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မိုးစပါးရိတ်သိမ်းထွက်ရှိမှု၊ ဆောင်းသီးနှံ စတင်စိုက်ပျိုးနေမှုနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်း ကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ စည်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက အကြံပြုချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေများနှင့် တောင်သူများအတွက် ဆောင်းသီးနှံ ဆီမုန်ညင်းမျိုးစေ့များ ပေးအပ်

ပူတာအို အောက်တိုဘာ ၇

ပူတာအိုခရိုင် မာမဲ့ရီးဒီကျေးရွာအတွင်း သမဝါယမအစုအဖွဲ့ဖြင့် ဒေသဝက်ကောင်ရေ ၁၉၆ ကောင် မွေးမြူရန် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၀ နှင့် အောက်ဆန်ဂေါင်ကျေးရွာ၏ ဆည်နှင့်ကမ်းထိန်းလုပ်ငန်းပြုပြင်ရေးကော်မတီအတွက် ငွေကျပ် သိန်း ၂၀၀ ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူများနှင့်တွေ့ဆုံစဉ် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စားသုံးဆီဖူလုံမှု တိုးတက်လာစေရေး ဆောင်းသီးထပ် ဆီမုန်ညင်းမျိုးစေ့များ ပေးအပ်ခြင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်း၊ မျိုးကွဲပယ်ခြင်းသရုပ်ပြပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အတွင်း ဆီမုန်ညင်းတိုးချဲ့စိုက်ပျိုးကြမည့် ရပ်ကွက်၊ ကျေးရွာ ၁၆ ရွာမှ ဇကပေါင်း ၁၆၉၆ ကျော်အတွက် ဆီမုန်ညင်းမျိုးစေ့များကို တောင်သူများထံ အခမဲ့(အောက်ပုံ) ပေးအပ်ကာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၁၈ တန်ကျ အဆင့်မြှင့် ဆန်စက်လည်ပတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်အတွင်း နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေမတည်ပုံပိုးမှုဖြင့် ပိုင်ရှင် ဒေါ်ဖုန်ဖီးခေါ်ရမ်၏ ငါးကန် သုံးကန်၌ တီလားဝီးယား၊ ငါးနီ၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး စသည့် ငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှုနှင့် အသေးစား ရေသန့်စက်ဖြင့် ရေသန့်ထုတ်လုပ်ရောင်းချမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဇီးအွန်ကျေးရွာအုပ်စုပလန်ကွင်းအတွင်း မိုးစပါးစိုက်ကော ၁၈၀ စိုက်ပျိုးထားရှိမှုနှင့်အဆို့ပါ မိုးစပါးစိုက်လယ်မများ၌ ဆောင်းသီးထပ် ဆီမုန်ညင်းစိုက်ပျိုးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၇

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးဓလော်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေ ဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပ ဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ကျည်တောင်ကန်) မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော် သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက် တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

လူငယ်များ၏ စာရိတ္တမဏ္ဍိုင် ကောင်းမွန်ရေး

ဒေါက်တာသန်းထွန်း (၆၉ ဆေး၂)

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ပေးမည့်အင်အားသည် လူငယ်များပင်ဖြစ်ကြသည်။ လူငယ်များတွင် ပညာရည်မြင့်မား၍ အသိဉာဏ်ဖွံ့ဖြိုးသည့်အပြင် စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားခိုင်မာခြင်း၊ တာဝန်ယူတတ်ခြင်းနှင့် အများအကျိုးကို ဦးစားပေးတတ်ခြင်းတို့ရှိမှသာ မိမိတို့၏ ဘဝကိုသာမက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံ၏အနာဂတ်ကိုပါ ကောင်းမွန်စွာ တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူငယ်များ စာရိတ္တမဏ္ဍိုင် ကောင်းမွန်ခိုင်မာစေရေးသည် မိသားစုတစ်စုတည်း၊ ကျောင်းတစ်ကျောင်းတည်း၊ ဘာသာရေးအဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စုပေါင်းတာဝန်ဖြစ်သည်။

လူငယ်တို့၏ စာရိတ္တနှင့် ယနေ့ခေတ်စိန်ခေါ်မှု

ယနေ့ခေတ်လူငယ်များအတွင်း စာရိတ္တပိုင်းဆိုင်ရာ အားနည်းမှုများကို နေရာအချို့တွင် တွေ့မြင်လာရသည်ဟု ဆိုနိုင်သည်။ သို့သော် လူငယ်အားလုံးကို စာရိတ္တအားနည်းသူများဟု သတ်မှတ်ခြင်းမှာ မသင့်လျော်ပေ။ သတ်မှတ်၍လည်းမရပါ။ အပြစ်ချည်းတင်နေလို့လည်း မဖြစ်ပါ။

လူငယ်အများအပြားက ပညာကြိုးစားသင်ယူခြင်း၊ မိသားစုကိုကူညီခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ခြင်းတို့ဖြင့် မိမိတို့၏ဘဝကို တည်ဆောက်နေကြသည်။ တစ်ဖက်တွင်မူ အင်တာနက်နှင့် လူမှုကွန်ရက်များ၏ လွှမ်းမိုးမှု၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အချိန်ပေးမှု လျော့နည်းလာခြင်း၊ ပညာရေးအခွင့်အလမ်းမညီမျှခြင်း၊ အလုပ်အကိုင်နှင့် စီးပွားရေးအခက်အခဲများ၊ မူးယစ်ဆေးဝါးနှင့် အန္တရာယ်ရှိသော အပြုအမူများ၏ ဆွဲဆောင်မှုတို့ကြောင့် လူငယ်အချို့သည် မှန်ကန်သောတန်ဖိုးများနှင့် ဝေးကွာသွားနိုင်သည်။ ထိုအခြေအနေကို အပြစ်တင်ခြင်းထက် နားလည်ပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် အခွင့်အလမ်းဖန်တီးပေးခြင်းတို့ဖြင့် ပြုပြင်ပေးရန် လိုအပ်သည်။

စာရိတ္တအားနည်းလာပါက လူတစ်ဦးချင်း၏ ဘဝကိုသာမက မိသားစုနှင့် လူ့အဖွဲ့အစည်းအပေါ်ပါ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ တာဝန်မယူတတ်ခြင်း၊ မရိုးသားခြင်း၊ အခြားသူကို မလေးစားခြင်း၊ အကြမ်းဖက်မှုနှင့် ဥပဒေချိုးဖောက်မှုများ ဖြစ်ပေါ်နိုင်ခြင်းတို့သည် လူမှုယုံကြည်မှုကို ပျက်စီးစေသည်။ ထို့ကြောင့် လူငယ်များ၏ စာရိတ္တတည်ဆောက်ရေးသည် အနာဂတ်လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ကို တည်ဆောက်ခြင်းပင် ဖြစ်သည်။ စာရိတ္တမဏ္ဍိုင်ခိုင်မာစေဖို့ အောက်ပါ အရည်အချင်းတို့ရှိရပါမည်။

ဗလငါးတန်ပြည့်ဝမှသာ

ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်လာကြရန် အလွန်အရေးကြီးပါသည်။ လူငယ်တို့၏ ဗလငါးတန်ဆိုသည်မှာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်တွင် အားကိုးရလောက် နိုင်ငံ့သားကောင်းများဖြစ်လာစေရန်အတွက် ပြည့်စုံထားရှိရမည့် စွမ်းအား သို့မဟုတ် ကြံ့ခိုင်မှုငါးမျိုးကို ဆိုလိုပါသည်။ ၎င်းတို့မှာ -

၁။ **ကာယဗလ (ခန္ဓာကိုယ်ကြံ့ခိုင်မှု)**။ ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်၊ သန်စွမ်းမှုနှင့် ရောဂါဘယာကင်းရှင်းမှုရှိခြင်း၊

၂။ **ဉာဏဗလ (အသိပညာ၊ အတတ်ပညာ ကြံ့ခိုင်မှု)**။ စာပေပညာ၊ နည်းပညာ၊ အတွေးအခေါ်နှင့် အဆိုးအကောင်းခွဲခြားသိမြင်နိုင်သော အသိဉာဏ်ပညာပြည့်ဝခြင်း၊

၃။ **စာရိတ္တဗလ (ကျင့်ဝတ်နှလုံးသားကြံ့ခိုင်မှု)**။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ယဉ်ကျေးယျေဘုခြင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

၄။ **မိတ္တာဗလ (မိတ်ဆွေအပေါင်းအသင်းကြံ့ခိုင်မှု)**။ မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်းများရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်ပြီး လူမှုအသိုင်းအဝိုင်းနှင့် တည့်အောင်နေထိုင်တတ်ခြင်း၊

၅။ **ဘောဂဗလ (စီးပွားဥစ္စာကြံ့ခိုင်မှု)**။ သမ္မာအာဇီဝကျကျ လုပ်ကိုင်စားသောက်နိုင်သော သက်မွေးဝမ်းကျောင်းပညာ ပိုင်ဆိုင်ခြင်းနှင့် စီးပွားရေးအရ ရပ်တည်နိုင်စွမ်းရှိခြင်းတို့ ဖြစ်ကြပါသည်။

ဗလငါးတန်ပြည့်ဝစေရန် ဆောင်ရွက်ရမည့် အချက်များမှာ လူငယ်တစ်ဦး၏ ဖွံ့ဖြိုးမှုသည် စာရိတ္တ၊ ကာယဗလ၊ ဉာဏပညာ၊ စိတ်ဓာတ်နှင့် လူမှုဆက်ဆံရေးငါးဖြာလုံးညီညွတ်မှသာ ပြည့်စုံမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းများတွင် စာသင်ချိန်နှင့်အတူ အားကစား၊ အနုပညာ၊ ဝိပဿနာအကျင့်၊ သို့မဟုတ် စိတ်ထားကောင်းမွန်စေသော အလေ့အကျင့်များကို ထည့်သွင်းသင်ကြားသင့်ပါသည်။ **လူမှုစေတနာ၃ဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်စေခြင်း၊ ဂုဏ်ယူဖွယ်ကောင်းသော စံပြပုဂ္ဂိုလ်များ၏ဘဝကို လေ့လာစေခြင်းတို့ဖြင့်လည်း စာရိတ္တကို လက်တွေ့အားဖြည့်ပေးနိုင်ပါသည်။**

မြန်မာ့ပညာရေးနှင့် လူမှုရေးအတွေးအခေါ်တွင် လူငယ်တစ်ဦး၏ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်ခန္ဓာ၊ စိတ်ဓာတ်၊ ဉာဏ်ရည်၊ ကိုယ်ကျင့်တရားနှင့် လူမှုဆက်ဆံရေးတို့ အဘက်ဘက်မှ ပြည့်စုံစေရေးကို အလေးထားသင့်သည်။ ဗလငါးတန်ပြည့်ဝစေရန် အားကစားနှင့် ကျန်းမာရေးလှုပ်ရှားမှုများ၊ စာဖတ်ခြင်းနှင့် အသိပညာမြှင့်တင်ရေး၊ အနုပညာနှင့် ယဉ်ကျေးမှုလေ့လာရေး၊ စည်းကမ်းနှင့် တာဝန်ယူမှုလေ့ကျင့်ရေး၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်စေခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်သည်။

ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးရမည့်ဘာသာရပ်ကို သင်ကြားပေးရင်း ထိုသင်ခန်းစာအချို့၌ ထိခိုက်မှုရှိစေသည့် နှစ်မိနစ်လောက် စာရိတ္တပြုပြင်ရေးဆိုင်ရာတစ်ခုခုကို ထည့်သွင်းပြောပြခြင်းဖြင့် နေ့စဉ်နှားသွင်းပညာပေးစေရမည်။ (၃၈) ဖြာ မင်္ဂလာတရားတစ်မျိုးဖြစ်ဖြစ်၊ ဓာတ်ကြီးဆယ်ဘွဲ့တစ်ခုခု သို့မဟုတ် ပြည်သူ့နီတိကဏ္ဍမှတစ်ခုခုကို နှစ်မိနစ်အချိန်ဖြင့် ပြောစမ်းကြည့်ရာတွင် ရရှိပါသည်။ တစ်နေ့တစ်မျိုး ပြောင်းလဲပြောကြားပေးသင့်ပါသည်။

စာသင်ခန်းအတွင်း ပညာထူးချွန်ပြီး ရမှတ်ကောင်းရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ခြင်း မပြုဘဲ အကျင့်စာရိတ္တ၊ ပြည်သူ့နီတိ၊ စိတ်ဓာတ်၊ ကျန်းမာရေး၊ အလုပ်အကိုင်ကျွမ်းကျင်မှုနှင့် လူမှုတာဝန်ယူမှုနှင့် မျိုးချစ်စိတ်ပြည့်ဝရေးတို့ကိုပါ တစ်ပြိုင်နက်တည်း ပြုစုပျိုးထောင်ပေးရပါမည်။

မိဘတို့၏ တာဝန်

ကလေးတစ်ဦး၏ ပထမဆုံးကျောင်းသည် မိသားစုပင်ဖြစ်သည်။ မိဘတို့သည် စာရိတ္တကို စကားဖြင့်သာ သင်ကြားပေး၍ မလုံလောက်ဘဲ မိမိတို့၏ နေ့စဉ်အပြုအမူဖြင့် စံနမူနာပြရမည်။ နမူနာ၊ သာဓကတို့ဖြင့် ပြသရမည်။ ရိုးသားခြင်း၊ ကတိတည်ခြင်း၊ အခြားသူကိုလေးစားခြင်း၊ အများကို ဝန်ခံတတ်ခြင်း၊ အလုပ်ကိုတာဝန်ယူတတ်ခြင်း တို့ကို မိဘတို့ကိုယ်တိုင် ကျင့်သုံးပြသနိုင်ပါက ကလေးများအတွက် အင်အားကြီးမားသောသင်ခန်းစာတစ်ရပ်ဖြစ်လာမည်။ မိဘတလွဲလုပ်သည်ကို သားသမီးငယ် လူငယ်များမြင်လျှင် ထိုအမှားကိုသာ လျင်လျင်မြန်မြန် အတုခိုးသွားပေလိမ့်မည်။

ထို့ပြင် ကလေးများနှင့် အချိန်ပေးဆွေးနွေးခြင်း၊ သူတို့၏ပြဿနာများကို နားထောင်ခြင်း၊ မိတ်ဆွေများနှင့် အွန်လိုင်းလောကတွင် ကြုံတွေ့နေရသည့် အခြေအနေများကို သိရှိနားလည်ပေးခြင်းတို့လည်း အရေးကြီးသည်။ လူငယ်တို့၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင်ကောင်းမွန်လာရေးအတွက် အရေးကြီးဆုံးက (၃၈) ဖြာ မင်္ဂလာတရားကို လူငယ်များနားလည်အောင် ပြောပြသင်ကြားပေးရန် လွန်စွာအရေးကြီး၏။

(၃၈) ဖြာ မင်္ဂလာတရားသည် လူငယ်တို့၏ အကျင့်စာရိတ္တကို အခြေခံကောင်းမွန်စွာ တည်ဆောက်ပေးနိုင်သည့် ဘဝလမ်းညွှန်တစ်ရပ်ဖြစ်သောကြောင့် အရေးကြီးပါသည်။ ဥပမာအနေဖြင့်ပြောရလျှင် မိဘကိုရိုသေခြင်း၊ ဆရာသမားကိုလေးစားခြင်း၊ မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းခြင်းတို့ကို သင်ကြားပေးသဖြင့် လူငယ်တို့၏ လူမှုဆက်ဆံရေးနှင့် ကိုယ်ကျင့်တရားကို ခိုင်မာစေပါသည်။ မကောင်းမှုကိုရှောင်ကြဉ်ပြီး ကောင်းမှုကိုပြုလုပ်ရန် လမ်းညွှန်ပေးသည့်အတွက် လူငယ်တို့က အမှားအမှန်ခွဲခြားသိမြင်ကာ တာဝန်ယူတတ်သော လူကောင်းလူတော်များ ဖြစ်လာပါမည်။

ထို့ပြင် ပညာသင်ယူခြင်း၊ စည်းကမ်းရှိခြင်း၊ သည်းခံခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းတို့ကို အလေးထားစေသဖြင့် အောင်မြင်သောဘဝအတွက် သာမက အကျင့်စာရိတ္တကောင်းမွန်သောဘဝ အတွက်ပါ အခြေခံကောင်းတစ်ရပ် ဖြစ်စေပါသည်။

ထို့ကြောင့် (၃၈) ဖြာ မင်္ဂလာတရားသည် တရားတော်တစ်ခုမျှသာ မဟုတ်ဘဲ ယနေ့ခေတ် လူငယ်တို့၏ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာစေပြီး မိမိအတွက်ကောင်း၊ မိသားစုအတွက်ကောင်း၊ လူ့အဖွဲ့အစည်းအတွက်ကောင်းသော လူငယ်များ ဖြစ်ထွန်းလာစေရန် လမ်းပြပေးသည့် ဘဝတန်ဖိုးရှိသော အဆုံးအမတစ်ရပ် ဖြစ်ပါသည်။

ဆရာ ဆရာမတို့၏ တာဝန်

ဆရာ ဆရာမတို့သည် ပညာပေးသူများသာမက လူငယ်တို့၏ အကျင့်စာရိတ္တဖွံ့ဖြိုးရေးတွင် အရေးပါသော လမ်းညွှန်သူများ ဖြစ်ကြသည်။ ကျောင်းသားတစ်ဦး၏အမှားကို အပြစ်ပေးရုံဖြင့် ပြီးဆုံးစေခြင်းထက် အမှား၏အကြောင်းရင်းကို နားလည်စေပြီး မှန်ကန်သောလမ်းသို့ ပြန်လည်ရောက်ရှိစေရန် လမ်းညွှန်ပေးသင့်ပါသည်။ စာသင်ခန်းအတွင်း ရိုးသားမှု၊ စည်းကမ်း၊ အချင်းချင်းလေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုတို့ကို လက်တွေ့လေ့ကျင့်စေခြင်းဖြင့် စာရိတ္တပညာကို အသက်ဝင်အောင် ပြုလုပ်နိုင်သည်။

ကျောင်းမှထွက်သွားသော၊ ပညာရေးလမ်းကြောင်းမှ အကြောင်းအမျိုးမျိုးကြောင့် စောစီးစွာ ထွက်ခွာသွားသော လူငယ်များကိုလည်း လူ့အဖွဲ့အစည်းအပြင်ဘက်တွင် ထားရှိ၍မရပေ။ သူတို့သည်လည်း နိုင်ငံ၏အနာဂတ်လူငယ်များပင် ဖြစ်ကြသည်။ မိသားစု၊ ကျောင်း၊ ရပ်ကွက်နှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်း၍ အခြေခံပညာပြန်လည်သင်ယူနိုင်သည့်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ၊ နည်းပညာနှင့် လက်တွေ့ကျွမ်းကျင်မှုသင်တန်းများ ဖန်တီးပေးသင့်သည်။ "ကျောင်းမတက်တော့သူ" ဟူ၍ တံဆိပ်ကပ်ခြင်းထက် "ဘဝပြန်လည်တည်ဆောက်နိုင်သူ" ဟူသောအမြင်ဖြင့် လက်တွဲပေးရန် လိုအပ်သည်။ ကျောင်းလုံး၀မတက်သည့်လူငယ်များလည်း တွေ့လာရ၏။ ဤပြဿနာကို မိဘနှင့်ရပ်ကွက် တာဝန်ရှိသူများက ပူးပေါင်းဖြေရှင်းသင့်ပါသည်။ တွေ့မြင်သူများကလည်း ဝိုင်းဝန်းကျူးဖြေရှင်းရန် လိုအပ်ပါသည်။

သာသနာ၃ဝန်ထမ်းတို့၏ အခန်းကဏ္ဍ

သာသနာ၃ဝန်ထမ်းများသည် လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ကြသည်။ လူငယ်များအတွက် မေတ္တာ၊ ကရုဏာ၊ သည်းခံခြင်း၊ မိမိကိုယ်ကိုထိန်းချုပ်ခြင်း၊ မိဘနှင့် အကြီးအကဲများကို ရိုသေလေးစားခြင်း၊ အများအကျိုးပြုခြင်းတို့ကို ခေတ်နှင့်လျော်ညီသော နည်းလမ်းများဖြင့် သင်ကြားပေးနိုင်သည်။

သို့ရာတွင် လူငယ်များထံသို့ရောက်ရှိရန် တရားကဲ့သို့ ဟောခြင်းတစ်မျိုးတည်းကိုသာ အားမကိုးဘဲ စာဖတ်ပိုင်း၊ ဆွေးနွေးပွဲ၊ အားကစား၊ စေတနာ၃ဝန်ထမ်းလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် အနုပညာလှုပ်ရှားမှုများကိုပါ ပေါင်းစပ်ပေးနိုင်ပါက လူငယ်များနှင့် ပိုမိုနီးကပ်စွာ ဆက်သွယ်နိုင်မည်ဖြစ်သည်။

ဘုန်းကြီးကျောင်းနှင့် လူငယ်တို့၏ ဆက်သွယ်မှု

ယခင်က မြန်မာ့လူမှုဘဝတွင် ဘုန်းကြီးကျောင်းသည် ဘာသာရေးဆိုင်ရာ နေရာတစ်ခုသာမက ပညာသင်ကြားရာ၊ လူမှုဆက်ဆံရေးပြုရာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လက်ဆင့်ကမ်းရာ နေရာတစ်ခုလည်းဖြစ်ခဲ့သည်။ ယနေ့ခေတ်လူငယ်များ၏ စိတ်ဝင်စားမှုနှင့် နေထိုင်မှုပုံစံများ ပြောင်းလဲလာသဖြင့် ထိုဆက်သွယ်မှုကို ခေတ်နှင့်အညီ ပြန်လည်တည်ဆောက်ရန် လိုအပ်သည်။ ဘုန်းကြီးကျောင်းများတွင် လူငယ်များအတွက် စာကြည့်တိုက်၊ စာဖတ်ပိုင်း၊ အားကစား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင့်လျော်သလို ထည့်သွင်းသင်ကြားပေးနိုင်သည်။ လူငယ်တို့၏ အချိန်နှင့်စိတ်ဝင်စားမှုကို နားလည်ပြီး သူတို့ကိုယ်တိုင် ပါဝင်ဖန်တီးနိုင်သည့် နေရာများဖြစ်လာစေရန် အရေးကြီးသည်။

စာမျက်နှာ ၁၇ သို့

စဉ့်ကိုင်မြို့နယ်၌ သံဃာတော်များအား UIDကတ်များကွင်းဆင်းဆောင်ရွက်ပေး

စဉ့်ကိုင် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တရုတ်စုရပ်ကွက် တိုက်ကျောင်းပရိယတ္တိ စာသင်တိုက်အတွင်းရှိ သံဃာတော်များအား ယမန်နေ့က UIDကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝေလင်းနှင့် ဝန်ထမ်းများက စဉ့်ကိုင်မြို့နယ်အတွင်းရှိ သံဃာတော် ၃၆ ပါးတို့အား UID ကတ်ရိုက်ကူးပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

ကျောက်မဲမြို့နယ်၌ မိုးသီးနှံ အစေ့ထုတ်ပြောင်း စံပြကွက်ရိတ်သိမ်း

ကျောက်မဲ အောက်တိုဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း မိုးသီးနှံ အစေ့ထုတ်ပြောင်း စံပြကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက် ပိုင်းက ကျောက်မဲမြို့နယ် ကျွဲကုန်းကျေးရွာရှိ တောင်သူဦးအောင်ဇေယျ၏ စိုက်ခင်း၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ကျောက်မဲခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထင်စိုးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက် ကြည့်ရှုအားပေးကြပြီး ပြောင်းဖူးများကို စံနှုန်းပေ (Running Feet) စနစ်ဖြင့် စံကွက်ရိတ်သိမ်း တိုင်းတာခဲ့ရာ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၈၀ ဒဿမ ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ်အတွင်း၌ ယခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်း စုစုပေါင်း ၄၄၈၉၇ ဧက စိုက်ပျိုးထားရှိပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



သာယာဝတီမြို့နယ်၌ နွေစပါးရာသီတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးများတိုးချဲ့စိုက်ပျိုးရေးတောင်သူများနှင့်ဆွေးနွေး

သာယာဝတီ အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွဲခြံအင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုသိမ်း၊ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ကျွဲခြံအင်း၊ မကျီးကွင်းနှင့် ငဖြူကလေး ကျေးရွာအုပ်စုတို့မှ နွေစပါးစိုက်တောင်သူ ၆၃ ဦးနှင့် တွေ့ဆုံ၍ တောင်သူများ တစ်ဧက ဝင်ငွေ တိုးတက်ပြီး လူမှုစီးပွားဘဝ မြင့်မားလာရန်အတွက် ပြည်ပ စျေးကွက် ဝယ်လိုအားရှိပြီး စျေးကောင်းရရှိနိုင်သည့် ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများတိုးချဲ့စိုက်ပျိုးနိုင်ရေးနည်းပညာပေး တွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် ပြည်ပ စျေးကွက်ဝယ်လိုအားနှင့် စျေးကောင်းရရှိနိုင်မှု အခြေအနေ၊ တစ်ဧက အထွက်နှုန်းကောင်းမွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းအချက်ကြီး လေးချက်ကို ဟန်ချက်ညီညီ ဆောင်ရွက်ရမည့် အခြေအနေများနှင့် ရေဆင်းပေါ်ဆန်း စပါးမျိုးကောင်းမျိုးသန့် စပါးမျိုးများ ရရှိရေးအတွက် ယခုနှစ် ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် ရေဆင်းပေါ်ဆန်း စပါးမျိုးများ မျိုးသန့်မျိုးပွားစိုက်ပျိုးထားသော တောင်သူများနှင့် မိတ်ဆက်ပေးခြင်းနှင့်ထွက်ရှိလာသော ရေဆင်းပေါ်ဆန်း(၁)နှင့်ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများ ဝယ်ယူစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့သည်။

သန့်ဇော်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

စာမျက်နှာ ၁၆ မှ

ယဉ်ကျေးလိမ္မာသင်တန်းများ

ကျောင်းသားအရွယ်ကလေးငယ်မှအစ လူငယ်များအထိ ဗုဒ္ဓဘာသာအခြေခံသော ယဉ်ကျေးလိမ္မာသင်တန်းများက လွန်စွာမှ ကျေးဇူးပြုစေသည့် သင်တန်းများ ဖြစ်ကြ၏။ သို့သော် ယင်းယဉ်ကျေးလိမ္မာသင်တန်းများ၏ ကျင်းပရန် စရိတ်စက ပြဿနာက ရှိသေး၏။ သင်တန်းများဖွင့်လှစ်ရာတွင် အဓိကအခက်အခဲတစ်ခုမှာ ကလေးများအတွက် အစားအသောက်၊ သင်ကြားရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆရာ ဆရာမများ၏ ကုန်ကျစရိတ်များ ဖြစ်သည်။ သို့သော် ထိုကုန်ကျစရိတ်များကို လူထုထံမှ အမြဲတမ်းငွေကောက်ခံခြင်းဖြင့် ဖြေရှင်း၍ မရနိုင်ပါ။ ရပ်ရွာအလိုက် ပူးပေါင်းစီမံကိန်းများ၊ စေတနာ့ဝန်ထမ်းဆရာများ၊ လက်ရှိအဆောက်အအုံများကို အခမဲ့အသုံးချခြင်း၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းခြင်း၊ ပစ္စည်းအလှူကို ဦးစားပေးခြင်းနှင့် အခမဲ့လှူဒါရှားမှုများကို ပေါင်းစပ်ခြင်းတို့ဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။

အထူးသဖြင့် ရန်ပုံငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာစွာ ပြသခြင်းသည် အလွန်အရေးကြီးသည်။ ငွေကြေးကောက်ခံမှုကို မရှင်းလင်းပါက ကောင်းမွန်သောရည်ရွယ်ချက်ရှိသည့် လုပ်ငန်းပင် လျှင် လူထု၏ယုံကြည်မှုကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် စာရင်းရှင်းလင်းမှု၊ အများသဘောတူညီမှုနှင့် စနစ်တကျ စီမံခန့်ခွဲမှုတို့ဖြင့် ယုံကြည်မှုကို တည်ဆောက်ရမည်။

ဓာတ်ကြီးဆယ်ဘွဲ့နှင့် ၅၅၀ ဓာတ်တော်များ

မြန်မာ့ဗုဒ္ဓဘာသာယဉ်ကျေးမှုတွင် ဓာတ်ကြီးဆယ်ဘွဲ့သည် လူငယ်များအတွက် ရိုးရာစာပေ၊ ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားတန်ဖိုးများကို လေ့လာနိုင်သည့် အရေးပါသော အမွေအနှစ်တစ်ရပ် ဖြစ်သည်။ တေမိယ၊ မဟာဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမ္မာရ၊ နာရဒ၊ ဝိဓူရနှင့် ဝေဿန္တရာတို့ကို အစဉ်အလာအားဖြင့် ဓာတ်ကြီးဆယ်ဘွဲ့အဖြစ် သိရှိကြသည်။

၅၅၀ ဓာတ်တော်များမှာ ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝအဆက်ဆက်တွင် ပါရမီဖြည့်ကျင့်ခဲ့သည့် ဓာတ်ကြောင်းများကို စုစည်းထားသည့် အစဉ်အလာဖြစ်ပြီး ကိုယ်ကျင့်တရားခိုင်မာခြင်း၊ အများအတွက် အနစ်နာခံခြင်း၊ ရက်ရောခြင်း၊ သစ္စာတည်ခြင်း၊ မေတ္တာထားခြင်း၊ သည်းခံခြင်းနှင့် ပညာရှိခြင်း စသည့်တန်ဖိုးများကို လေ့လာနိုင်သည်။ စိတ်ဝင်စားစွာ ပြောကြားသင်ကြားပါက ကလေးအရွယ်မှအစ လူငယ်တို့ လွန်စွာမှ စိတ်ဝင်စားကြောင်း စာရေးသူအတွေ့အကြုံအရ သိရှိခဲ့ရပါသည်။

သို့ရာတွင် လူငယ်များအား ဓာတ်တော်များကို မှတ်သားအောင်သာ သင်ကြားခြင်းထက် ဓာတ်တော်တစ်ပုဒ်မှ အနှစ်ထုတ်၍ ယနေ့ခေတ်ဘဝတွင် မည်သို့အသုံးချနိုင်သည်ကို ဆွေးနွေးစေခြင်းက ပိုမိုထိရောက်နိုင်သည်။ ထိုသို့ လေ့လာခြင်းဖြင့် ရိုးရာယဉ်ကျေးမှုသည် စာအုပ်ထဲတွင်သာ ကျန်ရစ်မနေဘဲ လူငယ်တို့၏နေ့စဉ်ဘဝနှင့် ဆက်စပ်လာမည်ဖြစ်သည်။

အခြားနိုင်ငံများ၏ သာဓကများ

ကမ္ဘာ့နိုင်ငံများတွင် လူငယ်များ၏ စာရိတ္တနှင့် လူမှုတာဝန်ယူမှုကို မြှင့်တင်ရာ၌ မိသားစု၊ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွေ့ရသည်။ ဂျပန်နိုင်ငံတွင် ကျောင်းသားများကို စာသင်ခန်းနှင့် စားသောက်ခန်းများကို မိမိတို့ကိုယ်တိုင် သန့်ရှင်းရေးလုပ်စေခြင်းသည် တာဝန်ယူမှုနှင့် အများပိုင်နေရာကို လေးစားမှုတို့ကို လက်တွေ့လေ့ကျင့်ပေးသည့် နမူနာကောင်းတစ်ခုဖြစ်သည်။

စင်ကာပူနိုင်ငံတွင် နိုင်ငံသားပညာရေးနှင့် လူမှုရေးတန်ဖိုးများကို ကျောင်းပညာရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထားသည်။ ဖင်လန်နိုင်ငံကဲ့သို့သော နိုင်ငံများတွင်လည်း ပညာရေးကို စာမေးပွဲအောင်မြင်ရေးတစ်ခုတည်းအပေါ်မထားဘဲ လူမှုရေးကျွမ်းကျင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျောင်းသား၏ အလုံးစုံဖွံ့ဖြိုးမှုတို့ကို အလေးထားသင်ကြားကြသည်။

သိရိလင်္ကာနိုင်ငံတွင် တနင်္ဂနွေနေ့ ဓမ္မကျောင်းတို့တွင် ဗုဒ္ဓဘာသာနှင့် စာရိတ္တတို့ကို အပတ်စဉ် သင်ယူကြပါသည်။ အလုပ်လျှောက်လှျင် ထိုသင်တန်းဆင်းလက်မှတ်ပါမှ လျှောက်ခွင့်ရှိသည်။ ထိုင်းနိုင်ငံတွင် နွေရာသီရှင်ပြုခြင်းနှင့် ရဟန်းပြုခြင်းဓလေ့သည် လူငယ်များကို စည်းကမ်းနှင့် တရားမွေ့ သင်ကြားပေးသည့် အခွင့်အရေးဖြစ်၏။ စင်ကာပူနိုင်ငံတွင် ကျောင်းသင်ရိုးတွင် စာရိတ္တနှင့် နိုင်ငံသားပညာ (Character and Citizenship Education) ကို တိုက်ရိုက်ထည့်သွင်းသင်ကြားပြီး ဘူတန်နိုင်ငံတွင်လည်း ကျောင်းများ၌ ပြည်သူ့နီတိကို တနဲဖိုးထားမှုနှင့် ကျင့်ဝတ်ပညာကို အလေးထားသင်ကြားပေးပါသည်။

ဤနိုင်ငံများ၏ တူညီသည့်အချက်မှာ မိသားစု၊ ကျောင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းအားလုံးက ပူးပေါင်း၍ သင်ကြားပေးခြင်းပင် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ စာရိတ္တမဏ္ဍိုင်ခိုင်မာသော တိုင်းပြည်အနာဂတ် လူငယ်လေးများ မွေးထုတ်ပေးရန် ဖြစ်ပါသည်။

ဤသာဓကများကို မျက်စိမှိတ်ကူးယူရန် မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ မိသားစုဖွဲ့စည်းပုံနှင့် လူမှုအခြေအနေများ၊ စီးပွားရေး အခြေအနေတို့နှင့် ကိုက်ညီအောင်ပြန်လည်စဉ်းစား အသုံးချရန် လိုအပ်သည်။

အနှစ်ချုပ်အနေဖြင့်ပြောရလျှင် လူငယ်တို့၏ စာရိတ္တမဏ္ဍိုင်ခိုင်မာရေးသည် တစ်ရက်တည်းနှင့် ပြီးဆုံးသွားမည့် လုပ်ငန်းမဟုတ်ပေ။ ကလေးငယ် တစ်ဦး၏ စိတ်နှလုံးထဲတွင် ရိုးသားမှု၊ စည်းကမ်းရှိမှု၊ နိုင်ငံကြီးသားပီသလာမှု၊ မျိုးချစ်လာမှုဟူသော မျိုးစေ့များကို မိဘက စိုက်ပျိုးပေးရမည်။ ဆရာ ဆရာမသာမက ပညာနှင့်အတူ ထိုမျိုးစေ့ကို ပြုစုပျိုးထောင်ပေးရမည်။ သာသနာ့ဝန်ထမ်းများနှင့် လူမှုအဖွဲ့အစည်းက စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား အတွက် လမ်းညွှန်ပေးရမည်။ ရပ်ရွာက အခွင့်အလမ်း ဖန်တီးပေးရမည်။ လူငယ်ကိုယ်တိုင်ကလည်း မိမိဘဝကို မိမိတာဝန်ယူတတ်ရန် လိုအပ်သည်။

စာရိတ္တကောင်းမွန်သော လူငယ်များပေါ်ထွက်လာရန် ပညာရေးတစ်ခုတည်းဖြင့် မလုံလောက်သကဲ့သို့ ဘာသာရေးတစ်ခုတည်းဖြင့်လည်း မလုံလောက်ပါ။ မိသားစု၊ ကျောင်း၊ သာသနာ၊ ရပ်ရွာနှင့် လူငယ်ကိုယ်တိုင် အားလုံးက တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု လက်တွဲ၍ ဆောင်ရွက်ကြမှသာ ရေရှည်တည်တံ့သော အကျိုးရလဒ်ကို ရရှိနိုင်မည် ဖြစ်သည်။

လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သော်လည်း ထိုအနာဂတ်ကို စောင့်ဆိုင်းရုံဖြင့် ကောင်းမွန်လာမည်မဟုတ်ပေ။ ယနေ့ကတည်းက သူတို့အတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။ ယနေ့ကတည်းက ကောင်းမွန်သော စံနမူနာများကို ပြသရမည်။ ပြသရင်းနှင့် သင်ကြားပေးမှုတို့က တစ်ပြိုင်တည်းဖြစ်ရမည်။ ယနေ့ကတည်းက လူငယ်တို့၏ လက်ထဲသို့ ပညာ၊ အကျင့်စာရိတ္တ၊ အခွင့်အလမ်းနှင့် တာဝန်ယူမှုတို့ကို အပ်နှင်းပေးရမည်။ နိုင်ငံတာဝန်ကို ပခုံးထမ်းလွှဲပြောင်းယူရမည့် လူငယ်လေးများသည် အရည်အချင်းပြည့်ဝနေရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ လူငယ်များ၏ စာရိတ္တမဏ္ဍိုင် ခိုင်မာစေရန်၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရန် မိသားစုကစတင်၍ ကျောင်း၊ သာသနာနှင့် လူမှုအသိုင်းအဝိုင်းက ပိုင်းဝန်း ပျိုးထောင်ကြပါစို့။

လူငယ်တို့၏ အနာဂတ်ကို တည်ဆောက်ခြင်းသည် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ခြင်းပင် ဖြစ်သောကြောင့် **"လူငယ်များ စာရိတ္တမဏ္ဍိုင် ခိုင်မာစေရန် ဒို့အားလုံး ပိုင်းဝန်းဆောင်ရွက်ကြစို့"** ဟူသော ဆောင်ပုဒ်လေးအတိုင်း ပိုင်းဝန်းကျည် ဆောင်ရွက်ကြဖို့ လိုပါသည်။ ။

ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံ အဖွဲ့ဝင် ၄၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိသည့်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် ဝမ်းသာအားကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ။ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာ နယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက် သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။



ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံ အဖွဲ့ဝင် အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၄ ဦး၊ KNPP အမည်ခံအဖွဲ့ဝင် အမျိုးသား ၁ ဦး၊ စုစုပေါင်း ၄၈ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်း/ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲဗိုလ်မှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာသည့် MA-1 သေနတ် ၂ လက်၊ AK-47 သေနတ် ၁ လက်၊ ကျည်အိမ်မျိုးစုံ ၆ ခု၊ လက်ပစ်ဗုံး ၂လုံး၊ ကျည်မျိုးစုံ ၂၅၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထိုနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် ၃ လက်အတွက် ငွေကျပ် သိန်း ၁၅၀၊ လက်ပစ်ဗုံး ၂ လုံးအတွက် ငွေကျပ် ၆သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၄၈ ဦးအတွက် တစ်ဦးလျှင် ၁ သိန်းနှုန်းဖြင့် ငွေကျပ် ၄၈ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၂၀၄ သိန်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံဆုံကြည့်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၄ ဦး၊ ပင်းတယမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်မှ အမျိုးသား ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား ၁ ဦး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အမျိုးသား ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသား ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်မှ အမျိုးသား ၁ ဦး၊ ကယားပြည်နယ်၊



မဃဲစုမြို့နယ်မှ အမျိုးသား ၁ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် **DPLA နှင့် KNPP အဖွဲ့**များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများမှားစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

အမျိုးသား

၂၀၂၄ ခုနှစ် မတ်လမှာ ပင်တယမြို့နယ် သိမ်ကုန်းကျေးရွာမှာ မိဘနဲ့အတူ နေထိုင်စဉ် DPLA အကြမ်းဖက်အဖွဲ့ရဲ့ စည်းရုံးမှုကြောင့် ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (C-4) သင်တန်းတက်ရောက်ခဲ့ရပါတယ်။ သင်တန်းဆင်းတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူး နှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍ လည်းကောင်း၊ အတီး၊ အမှတ်အကာအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက် ကြသည်။

မြစ်သားမူလတန်းကြိုကျောင်း၌ ဉာဏ်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြစ်သား အောက်တိုဘာ ၇ ဦးစီးဌာန မူလတန်းကြို မြစ်သားမြို့နယ် လူမှုဝန်ထမ်း ကျောင်း၌ ဉာဏ်စွမ်းရည်ပြိုင်ပွဲ



ဆုပေးပွဲကို ယမန်နေ့က ကျင်းပရာ ဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် စုပေါင်းသီချင်းဆိုပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ လက်ချောင်းပန်းချီပြိုင်ပွဲများတွင် မူကြိုကလေးငယ်များက ဝင်ရောက်ယှဉ်ပြိုင်ရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ဆုရရှိသော ပြိုင်ပွဲဝင် ကလေးငယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဖိုးနှင့် မြို့နယ်တာဝန်ရှိသူများ တက်ရောက်ပြီး မူကြိုကလေးငယ်များအား အာဟာရများ ကျွေးမွေးခဲ့သည်။

ဝါဝါမြင့်(မြစ်သား)

နမ့်စန်မြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နမ့်စန် အောက်တိုဘာ ၇

နမ့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၁၀ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေနှင့် တာဝန်ရှိသူများက နမ့်စန်မြို့နယ်အတွင်း ကတ္တရာလမ်း နှစ်လမ်း၊ မြေသားလမ်း သုံးလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ



ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့သည်။

နော်လူး

ကလောမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

ကလော အောက်တိုဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ် အောင်ပန်းမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၅) စက်မှုလယ်ယာစခန်းမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က ဝါးရုံပင်ကျေးရွာ၌ ကျင်းပရာ ပြည်နယ်စက်မှုလယ်ယာ



ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးများသည့် လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များ စနစ်တကျ ကြံ့ခိုင်ထိန်းသိမ်း မောင်းနှင်ခြင်းများကို သင်တန်းသား ၃၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေး

ဘီးလင်း အောက်တိုဘာ ၇

ဘီးလင်းမြို့နယ်တွင် အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၅ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၇၈ ဦးတို့အား ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်နေမှုများကို ကျိုက်ထိုခရိုင်ဦးစီးမှူး ဦးလှအေး၊ ဘီးလင်းမြို့နယ်စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်း



ဧရာထိုက်နှင့် အဖွဲ့ဝင်များက ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

အောင်လံမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပူဇော်ကန်တော့ပွဲကျင်းပ



အောင်လံ အောက်တိုဘာ ၇

အောင်လံမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ပညာရေးဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၅ ရက်က အထက(၁) ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကန်တော့ကြသည်။

ဆက်လက်၍ အပူဇော်ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဆရာမကြီးတစ်ဦးစီက ဆုပေးဆုံးမစကားပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးမြို့၌ ဂဟေဆက်သင်တန်းဖွင့်

ပဲခူး အောက်တိုဘာ ၇

ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဂဟေဆက်သင်တန်းအမှတ်စဉ် (၂/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က လုပ်သားများ၏ကျွမ်းကျင်မှုမြင့်မားရေးနှင့် အခွင့်အလမ်းကောင်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များကို အရည်အသွေးအာမခံချက်ရှိစွာ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်



သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



လွိုင်လင်မြို့၌ သာသနာ့နွယ်ဝင်ကတ်နှင့် UID ကတ်များ ထုတ်ပေး

လွိုင်လင် အောက်တိုဘာ ၇

လွိုင်လင်မြို့နယ်အတွင်းရှိ သံဃာတော်၊ သာမဏေ၊ သီလရှင်များအား သာသနာ့ဝင်၊ သာသနာ့နွယ်ဝင်ကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို သာသနာ့ဝိပုလဓာတ်တော်ကျောင်းတိုက်၌ အောက်တိုဘာ ၆ ရက်က ဆောင်ရွက်ပေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လဝက ဦးစီးမှူး၊ မြို့နယ်သာသနာရေးမှူးနှင့် ဝန်ထမ်းများက UID ကတ်များကို သံဃာတော်၊ သာမဏေ၊ သီလရှင်များအား ဆက်ကပ်ခဲ့ကြောင်း သိရသည်။

အယ်မင်း(လွိုင်လင်)



တနင်္သာရီမြို့နယ်၌ သာသနာ့နွယ်ဝင်ကတ်နှင့် UID ကတ်များ ထုတ်ပေး

တနင်္သာရီ အောက်တိုဘာ ၇

တနင်္သာရီမြို့နယ်၌ သာမဏေ၊ ရဟန်း၊ သီလရှင်များအား သာသနာ့ဝင်၊ သာသနာ့နွယ်ဝင်ကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို အောက်တိုဘာ ၆ ရက်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းသူနှင့် ဝန်ထမ်းများက ချောင်းငယ်ရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မိုင်းခတ်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်သစ်တော ဦးစီးဌာနတို့ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လေထုညစ်ညမ်းမှု အန္တရာယ်မဖြစ်ပေါ်စေရေး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အောက်တိုဘာ ၇ ရက်က ဖြန့်ဝေစဉ်။

နန်းနွယ်နီ(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ဒိုက်ဦး အောက်တိုဘာ ၇

ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ယမန်နေ့က ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်ရီရီချိုက ချေးငွေထုတ်ချေးရေးနှင့် ချေးငွေစည်းကမ်းချက်များကို ရှင်းလင်းပြီး တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးထက်ကျော်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် ဖြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်–လောင်းလုံး – ကျောက်နီမော် – ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော့်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။



အဆိုပါ ထားဝယ်–လောင်းလုံး–ကျောက်နီမော်–ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ၊ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများက လူအင်အား စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့နယ်ရှိ သဗျာ၊ ပညင်း၊ ညင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်နှင့် စန်းလှမ်းကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်နှင့် ဘုရားကြီးကျောင်းတိုက်တို့၌လည်း နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည် ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

သီးထပ်သီးနှံ ဆီထွက်ပဲပုပ်မျိုးစေ့များ အခမဲ့ပေးအပ်

စလင်း အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဒေသအလိုက် ဆီထွက်ပဲပုပ်တိုက်စိုက်ပျိုးရေး လမ်းညွှန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆–၂၀၂၇ ခုနှစ် ဆောင်းသီးနှံ ဆီထွက်ပဲပုပ်မျိုးစေ့များ အခမဲ့ပေးအပ်ခြင်းနှင့် စိုက်ပျိုးနည်းပညာပေးသင် တန်းပို့ချခြင်း အခမဲ့အနားကို စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့မ KC ၌ ယနေ့နံနက်က ကျင်းပရာ



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမင်းသိဿင်ကော်က တက်ရောက်လာသည့် ပဲပုပ်သီးနှံမျိုးသန့်ပွား စိုက်ပျိုးကြမည့် အကျိုးဆောင်တောင်သူ ၄၄ ဦးအား ပဲပုပ်(ရေဆင်း ၁၅) မျိုးသန့် စေ့ ၄၅ တင်း အခမဲ့ ချီးမြှင့်ပေးအပ်ခဲ့သည်။ စလင်းမြို့နယ်အတွင်း ယခုနှစ် ဆောင်းရာသီတွင် ဆီထွက် ပဲပုပ် ၈၀၀ ကျော် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုရှိ မျိုးသန့်ပွား စိုက်ပျိုးမည့် အကျိုးဆောင် တောင်သူ ၁၀၆ ဦးတို့အား ပဲပုပ်မျိုးစေ့ ၁၅၇ တင်း အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မောင်လွင်(စလင်း)**

ကွန်ဟိန်းမြို့နယ်၌ ဝမ်ဟိန်း-ထမ်ငေါ့ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်

ကွန်ဟိန်း အောက်တိုဘာ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်း ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စု၊ ပြည်နယ် ရန်ပုံငွေများဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေ၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်၊ မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ဝမ်ဟိန်း-ထမ်ငေါ့ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းကို ပြည်နယ် ခွင်ပြုရန်ပုံငွေ ၁၈၉ ဒသမ ၀၆၅ သန်းဖြင့် စတင်ဆောင်ရွက်မည် ဖြစ်သည်။

ထိုအတူ တာဝန်ရှိသူများက ဆိုင်းခေါင် – ကုန်းဆာ – လုံဃန်း ကျေးရွာချင်းဆက် ကျောက်လမ်း အရှည်(၀/၄)မိုင်၊ အကျယ် ၁၆ ပေ၊ ထူ ခြောက်လက်မ ကျောက်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ခွန်ရဲထွေး





ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမဦးစီးဌာနဝန်ထမ်းများအား ပါဝါပွိုင့်နှင့် E-mail အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

ပဲခူး အောက်တိုဘာ ၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် ပဲခူးခရိုင်အတွင်းရှိ သမဝါယမဦးစီးဌာန ဝန်ထမ်းများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် Digital / Computerize စနစ်ဖြင့် ဆောင်ရွက်ရေးအတွက် (Power Point နှင့် E-mail) အသုံးပြုနည်း သင်တန်းကို ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဥတုရာသီ၊ တောကို မှီ၏။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် ဦးဝိစာရလမ်းနေ ဒေါ်စန္ဒာဝင်း(၅၇)နှစ်သည် အပြင်မှ ၎င်းပိုင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားတစ်ဦးကဆိုင်ရှိ ငွေရှင်းကောင်တာအံဆွဲအား ဖွင့်နေသည်ကိုတွေ့ရှိသဖြင့်မေးမြန်းရာ အဆိုပါ အမျိုးသားမှ ၎င်းအား လက်သီးဖြင့်ထိုးကြိတ်ခဲ့သဖြင့် ဝဲပါးဖူးရောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နေအိမ်မီးဖိုခန်းအတွင်းရှိ ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်လွင်အား အခြားအမျိုးသား နှစ်ဦးက ဓားဖြင့်ထိုးခုတ်ပြီး ထွက်ပြေးသွားရာ ဦးကျော်ကျော်လွင်မှာ လည်ပင်း၊ ဝဲ/ယာပါး၊ ဂုတ်ပိုး၊ နောက်ကျောနှင့် ယာလက်မောင်းတို့တွင် ပြတ်ရဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း(၀) ၉၅၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၅၂/၃၂၄ ဖြင့် အမှုဖွင့်လှစ်ပြီး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေ့မွန်းလွဲပိုင်းတွင် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံ ဓားမတစ်ချောင်း၊ ဓားဦးချွန် ငါးချောင်း၊ ကတ်ကြေးတစ်လက်၊ လေးခွတစ်လက်တို့အား အခင်းဖြစ်ပွားရာ "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်အတွင်း၌ သိမ်းဆည်းရမိခဲ့ပြီး တရားခံများဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေဒေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၉)၊ ငကွဲလမ်းနေ တရားခံ အောင်ကိုဦး(၁၉)လင်းလင်းရွှေ (၃၅)နှစ်အား ၎င်း၏နေအိမ်၌လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ (ဏ/၁၄)ရပ်ကွက်၊ သုခဓိန်လမ်းနေ ဇော်မျိုးနိုင်(၁)အရွယ်ကြီး (၃၉) နှစ်နှင့် ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက် ဖိုးရာဇာလမ်းနေ ကျော်ကိုကို(၁)ကဲ့ဦး (၂၆)နှစ်တို့အား ၎င်းတို့၏ နေအိမ်များ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ကာ သေဆုံးသူ ဦးကျော်ကျော်လွင်၏လက်မှ ဖြုတ်ယူရရှိခဲ့သည့် အလေးချိန် ၈ ပဲသားရှိ သက်သေခံ ရွှေလက်စွပ် တစ်ကွင်းအား ရွှေပြည်သာမြို့နယ် လှော်ကားစျေးအတွင်းရှိ နဝလီ ရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် "စိတ်တိုင်းကျ" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်အတွင်း ဝင်ရောက်၍ လုယက်လူသတ်မှုကျူးလွန်ခဲ့ကြသူ တရားခံ အောင်ကိုဦး(၁)လင်းလင်းရွှေပါ သုံးဦးတို့အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

ရော၀တီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ နှုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း



နေပြည်တော် အောက်တိုဘာ ၇

ရော၀တီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် ငပိုင်းချောင်းမြို့နယ်၌လည်းကောင်း ရေများ ပြန်လည် ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း အနည်းငယ်သာ ကျန်ရှိကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သထုံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

သထုံ အောက်တိုဘာ ၇

မွန်ပြည်နယ် သထုံမြို့နယ်၌ ယမန်နေ့က ဘင်လှိုင်ရပ်ကွက် ပရိုက်းလမ်း ကွန်ကရစ်တံတားအနီး ရေခြောင်းကို စုပေါင်းတူးဖော် ဆောင်ရွက်သည်။

စုပေါင်းရှင်းလင်းရာတွင် တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ချောင်းခြောင်းတူးဖော်ခြင်း စုပေါင်းဆောင်ရွက်နေမှုကို နယ်မြေခံတပ်နယ်မှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

မင်းလှမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

မင်းလှ အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာသုံးရွာမှ ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွာတော်ကျေးရွာ၊ သံပုရာကန်ကျေးရွာနှင့် ကတကျေးရွာတို့မှ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ စီကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အထွေး



ဝါးခယမ်မြို့နယ်၌ အောက်တိုဘာ ၅ ရက်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာများက အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးနှိုးဆော်စဉ်။

ရိရိလွင်(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က တော်လတိကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ရွာသာကျေးရွာ ရွာသာလယ်ပေါ် ဘုန်းတော်ကြီးကျောင်း တို၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသူအောင်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းကျော်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်တို့က စိုက်ပျိုးတောင်သူများ၏ ဒေသရပ်ဝန်းအတွင်း စားသုံးဆီဖူလုံစေရေးအတွက် တောင်သူမိသားစုတိုင်း ဆီထွက်သီးနှံတစ်မျိုးမျိုးကို အနည်းဆုံး တစ်ဧကစီ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသဝန်းစာဆီဖူလုံရေး၊ လယ်သီးထပ်များတွင် ဆီထွက်သီးနှံတစ်မျိုးမျိုး ပါဝင်စိုက်ပျိုးရေး၊ ပစိုက်ပျိုးမှုဆိုင်ရာ နည်းပညာများနှင့် အယ်နီညိုရာသီဥတုသတင်းပေးချက်အရ ဆောင်းသီးနှံ လယ်သီးထပ်များ ဆောလျင်စွာ စိုက်ပျိုးရေးတို့ကို အသိပညာပေးဆွေးနွေးပြီး တောင်သူများအား ဆီထွက်သီးနှံ ပဲပုပ် ရေဆင်း ၁၅ မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)





လွိုင်လင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဒွေလုံးဒွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ခဲလောင်းကျေးရွာ – ပန်ကျောင်းကျေးရွာ ပြည်ထောင်စုလမ်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၆ ရက်က ဦးမင်းဆွေ (ညွှန်ကြားရေးမှူး(မြို့ပြ))နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။

လွိုင်လင်မိုး



မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၉)ရပ်ကွက် သော်ကလမ်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင့်ဇော်ထက် ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် ဝန်ထမ်းများက စက်ယန္တရားများ အသုံးပြုကာ ရေမြောင်းများ တူးဖော်ဆောင်ရွက်စဉ်။

ရဲကိုမောင်(ပြန်/ဆက်)



ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်သင်ကြားစဉ်။

မြို့နယ်(ပြန်/ ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

သီပေါမြို့၌ ကန်တော့ခံသက်ကြီးဆရာများအား အိမ်တိုင်ရာရောက်ပူဇော်ကန်တော့

သီပေါ အောက်တိုဘာ ၇

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ အသက် ၇၅ နှစ်အထက် ဆရာ ဆရာမ ၅၀ အား ငွေကျပ်တစ်သိန်းစီနှင့် ကန်တော့ခံပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဒေါ်လွင်မာနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ပူဇော်ကန်တော့ကြသည်။ ထို့အတူ ကျန်းမာရေးချို့တဲ့၍ မတက်ရောက်နိုင်သည့် ဆရာ ဆရာမကြီးများကို ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

မွန်ပြည်နယ်၌ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းဝင်များ ဆန္ဒအလျောက် အခွန်ပေးဆောင်



မော်လမြိုင် အောက်တိုဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း MRE-SA(M)၏ အသင်းဝင်များမှ ဆန္ဒအလျောက် အခွန်ပေးဆောင်ပွဲ အခမ်းအနားကို ယမန်နေ့က သံလွင်သန်း Hotel ၌ပြုလုပ်ရာ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး နိုင်လယ် တမက အသင်းဝင်များ အနေဖြင့် မိမိရရှိသည့် ဝင်ငွေအပေါ် ဥပဒေနှင့်အညီ အခွန်ပေးဆောင်ခြင်းကြောင့် နိုင်ငံတော်အတွက်ရော မိမိပြည်နယ် ဖွံ့ဖြိုးရေးအတွက်ပါ များစွာ အကျိုးရှိကြောင်း ပြောကြားပြီး မွန်ပြည်နယ်အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း MRESA (M)မှ အသင်းဝင် ၁၇၈ ဦးက ဝင်ငွေကြေညာလွှာနှင့် အခွန်ငွေ ကျပ်သိန်း ၂၉၀ ပေးအပ်ရာ မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တမူးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာလ ၇ ရက် မြန်မာစံတော်ချိန် ၀၉ နာရီ ၅၉ မိနစ် စက္ကန့် ၂၀ အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ငါးမိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တမူးမြို့၏အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ အနက် ၁၁၁ ကီလိုမီတာကို ဗဟိုပြု၍ မဂ္ဂနီကျု ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ မဟော်သဓာကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ စိုင်းဟန်ခေးလီ၏ ဖခင်အမည်မှန်မှာ စိုင်းဆိုင်ဇော် (၁၃/လခန(နိုင်)၀၃၃၁၃၇) ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မဆုမွန်ဦး(၁၃/တကန(နိုင်)၂၄၄၈၅၃) ၏ မိခင်အမည်မှာ ဒေါ်မြင့်မြင့်နိုင်နှင့် ဒေါ်ညွန့်ညွန့်ဝေ ဟူ၍ အမည် နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နေ (ဘ)ဦးထွန်းရ၏သမီး မမွေး (၁၃/တကန(နိုင်)၀၅၇၇၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-611256)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၅၀၇၇၃၂၂

ပတ်စ်ပို့ပျောက်

မောက်မယ်မြို့၊ လွိုင်ခွင်ရွာဟောင်းနေ (ဘ)မောင်လွန်း ၏သား ခွန်အောင်သိန်း (၁၃/မမန(နိုင်)၀၃၅၂၃၄) ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၆၃၆၁၃၀

မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ ပညာဓိက ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မယွန်းဝတီငြိမ်း (၁၃/တကန(နိုင်) ၄၁၇၁၀၆) ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃-၄-၂၀၀၉) ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ဂနိုင်ရွေးရွာ၊ အမှတ်(၃/၃၄၁)နေ ဦးဟိန်းထက်ဇော်(ခ) ရှင်းသန့်ကိုကို (၁၃/တကန(နိုင်)၂၄၉၉၅၂) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဟိန်းထက်ဇော်(ခ)
ရှင်းသန့်ကိုကို

အမည်မှန်

(ဘ) ဦးမောင်ထွန်း ၏သမီး၊ အိမ်မဲမြို့နယ်၊ အထက-ရွာသစ် Grade-11 တွင် ပညာသင်ကြားနေသော နန့်သန်းသန်းအေး ၏ အမည်မှန်မှာ မသန်းသန်းအေး ဖြစ်ပါကြောင်း။ မသန်းသန်းအေး

ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်နေ ဦးအောင်ဇော်မင်း၏သမီးဖြစ်သူ မနှင်းနှင်းလွင် ၁၄/ဟသတ(နိုင်)၃၃၀၉၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MI407788 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၈၇၇ ၇၄၃ ၁၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၇/မုံရွာတောင်)၊ ဦးပိုင်အမှတ်(၆၇-ခ)၊ ဧရိယာ(၀ဒသမ၀၁၈)ကေရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ ၅၁/၁၉၉၅ အရ ဒေါ်မြင့်မြင့်ဆွေ အမည်ဖြင့် (၂၄-၃-၁၉၉၅)မှ (၂၃-၃-၂၀၂၅)ထိ နှစ်(၃၀)ရရှိထားသောမြေကို ဒေါ်မြင့်မြင့်ဆွေ အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် (၂၉-၉-၂၀၂၆) ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်၊ မြေတိုင်းအမှတ် (၆၄၆(ခ))/E၊ မြေကွက်အမှတ်(၉၉)၊ မြေဧရိယာ(၀ဒသမ၀၄၀)ကေရှိ မြေအား ဒေါ်နီနီလှိုင်မှ သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

အများသိရှိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဥမ္မာအောင် (ဘ) ဦးအောင်ကြီး ၆/ကသန(နိုင်)၁၁၁၅၅၂၊ ဗမာ/ဗုဒ္ဓ၊ အမှတ်(၁၇၇၆)၊ မူဝံ(၃)လမ်း၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကော့သောင်းမြို့နေသူသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ဘန်းကချွန် ကျေးရွာအုပ်စု (၁၅)မိုင်ကျေးရွာရှိ ကွင်းအမှတ်(၁၉/OSS)၊ ဘန်းကချွန်ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (N-၁၀၆)၊ ဧရိယာ (၃.၄၉)ကေရှိ ဥယျာဉ်ခြံမြေအား မူလအခွန်စည်းကြပ်သူ ပိုင်ရှင် ဦးဘမြိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရင်ကြည်မှတစ်ဆင့် (၃-၄-၂၀၂၆)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥယျာဉ်ခြံမြေအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)လျှောက်ထားထုတ်ယူရရှိရန်အတွက် ဘန်းကချွန်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲ မှုရုံးသို့ ပုံစံ(၁) လျှောက်လွှာလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်သူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာ စာထည့်သွင်းသည့်ရက်မှစ၍ (၇)ရက်အတွင်း ဘန်းကချွန်ကျေးရွာ၊ အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာအောင်

အမည်ပြောင်း

ဦးချမ်းငြိမ်းထွန်း (၉/ညဥန(နိုင်)၂၁၉၄၅၅ ၏သမီး မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ မြသိန်းတန် ၃ လမ်းတွင် နေထိုင်သော မမေချမ်းငြိမ်းစံ အား မမေမြင့်မြတ်သူ ဟု ပြောင်းလဲခေါ်ပါရန်။

မမေမြင့်မြတ်သူ

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သင်ပန်းကုန်းအုပ်စု၊ လက်ဆည်ကန်ရပ်ကွက်အတွင်း အရှေ့လားသော်-ရန်-မန်းလမ်း၊ အနောက်လားသော်-ဒေါ်ခင်စ၊ တောင်လားသော်-ဒေါ်ရွှေမိ၊ မြောက်လားသော်-ဦးမောင်ပု၊ ဝိုင်းမြေကွက်နေ ဒေါ်စိုးစိုးကျော် ၉/ရမသ(နိုင်)၀၀၁၇၁၇ (ဘ) ဦးကျော်ငြိမ်းသည် အဆိုပါမြေနေရာတွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် (၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားပါသည်။

ရမည်းသင်းမြို့
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၇၅၅၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်မှူး ၁၀/မလမ(နိုင်) ၃၃၀၉၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၅၅၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၁၀/ပမန(နိုင်) ၁၃၄၁၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၅၃-ခ)၊ မြေယာအမှတ် (-)၊ မြေဧရိယာ(၁. ၆၄)ကေရှိမြေအား ဒေါ်ရုံလီဖင်း (၁၃/ကခန(နိုင်)၀၃၈၂၀၃) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၉)၊ ငါးရံ့ချောင်း၊ ကွင်းအမှတ်(၆၇၂)၊ ဦးပိုင်အမှတ်(N-13-3၊ ၁၇၅-ခ)၊ ဧရိယာ(၀.၅၃)ကေမှ ခွဲစိတ်သော အကွက်အမှတ်(A-8) ဧရိယာ (၁၈x၂၂x၆၂)ပေအကျယ်ရှိ မြေကွက်အား ကျွန်မ ဒေါ်လှလှသင်း (၉/မမန(နိုင်)၀၀၁၆၄၃)၊ ရွာသာရွာ၊ ဆင်လမ်းအုပ်စု၊ ပြင်ဦးလွင်မြို့နေသူမှ (၃၁-၁၂-၂၀၂၃) ရက်တွင် အရောင်းအဝယ်အလွှဲအပြောင်း စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ စာမှတ်စာတမ်းများမှာ ကျွန်မ၏ နေအိမ်အတွင်းမှ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းမပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လှလှသင်း	ဒေါ်ဥမ္မာဦး (စဥ်-၁၅၃၈၅)
(၉/မမန(နိုင်) ၀၀၁၆၄၃)	(တရားလွှတ်တော်ရှေ့နေ)
ရွာသစ်ရွာ၊ ဆင်လမ်းအုပ်စု	ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့။
ဖုန်း-၀၉ - ၇၈၇၆၀၅၅၃၅	ဖုန်း-၀၉-၇၈၈၂၅၀၈၁၆

မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ် (ဘ) ဦးညွန့်မောင် ၏သမီး ဒေါ်နီနီဝင်း ၉/မမန(နိုင်) ၀၃၅၃၀၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁/၁၂/၁၉၆၂) ဖြစ်ပါကြောင်း။

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ အကွက်အမည်-အိုးလုပ်အကွက်၊ ဦးပိုင်အမှတ်(၅၈-ခ)၊ မြေဧရိယာ(၀.၀၇၇)ကေရှိအောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၅၈-စ)၊ (၅၇-ခ)
(ခ) အနောက်လားသော်-ကမြောကင်းလမ်း
(ဂ) တောင်လားသော်-လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၅၆)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသောမြေအမည်ပြောင်း)ပေးရန် ဦးစိန်အုပ်ပါ(၃)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန ၊ ထားဝယ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၅၆၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ်(၄၁ လမ်း(၁၃))၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၂၈၃ V ၁၉၉၉-၂၀၀၀ အရ ဦးခင်အောင် အမည်ဖြင့် (၃-၁၁-၁၉၉၉)ရက်မှစ၍ (၃၀-၁၂-၁၉၉၃ မှ ၂၉-၁၂-၂၀၂၃ထိ) နှစ် (၃၀) အမည်ပြောင်း ချထားပေးသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၂၉-၁၂-၂၀၂၃) ရက်တွင် မြေငှားစာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးခင်အောင် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၂၉-၉-၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၉၀၈၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ရင်မြင့် ၁၀/မလမ(နိုင်) ၁၃၈၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

ဖခင်အမည်မှန်

တာမွေမြို့နယ် အ.လ.က (၃)ကျောင်း Grade (6) မှ မောင်အောင်ဖြိုးကျော် ၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း (၁၂/သကတ(နိုင်)၁၄၂၇၁၂)ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းဝင်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကုန်းဘောကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ကွင်း အမည်(ထုံးဘိုပြင်)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀.၆၉)ကေရှိ မြေများထဲမှ အကွက်အမှတ်(A-8၊ A-7)ဟု သတ်မှတ်ထားသည့် အကျယ်အဝန်း(၁၀၀x၇၅)ပေရှိမြေနှင့် ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကုန်းဘောကျေးရွာရှိ ဦးစိုးရန်အောင် ပိုင်ဆိုင်သော အကျယ်အဝန်း (၇၄x၉၀)ပေရှိမြေနှင့် ယင်းမြေများနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးစိုးရန်အောင် (ဘ) ဦးမောင်မောင်မြင့်အေး (၁၂/အစန(နိုင်)၁၈၉၉၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုး(LL.B)၊ (စဉ်-၅၆၆၆၅) အထက်တန်းရှေ့နေ
ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၆၅၂၃၈၂၆၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/81019, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံထွန်း ၇/သကန(နိုင်)၁၂၃၅၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
(ပြည်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/51879 Honda Wave-100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်ကင် ၁၄/ပတန(နိုင်) ၁၃၇၉၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/74696 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၇/ကဝန(နိုင်)၁၀၉၀၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ အကွက်အမှတ်-၂၁(ဂ) ကြောင်ငယ်ကွင်း၊ မြေကွက်အမှတ်(၂၅၈)၊ မြေဧရိယာ (၀.၁၁၃ သမ ၀၂၃) ကေအား မြေငှားဂရန်အမှတ်အမှတ် ၃၀/၂၀၁၇-၂၀၁၈ အရ ဒေါ်ရှုပို အမည်ဖြင့် ရရှိခဲ့ပြီး ဒေါ်ရှုပို ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၀၀၈/၂၀၂၆) ဖြင့် ဦးရန်နောင်မျိုး မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးရန်နောင်မျိုး၊ ၆/မမန(နိုင်)၁၁၇၀၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်တိုက်နယ်၊ သစ်ချိုပင် အုပ်စု၊ သပြေပင်အင်းကျေးရွာ ကျောင်း Grade-4 ၌ ပညာသင်ကြားနေသော မောင်ခန့်ဇင်ဟိန်း ၏အမည်မှန်မှာ မောင်မြတ်ဘုန်းသစ် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-11မှ မနှင်းယုထွေး၏ ဖခင် ဦးတင့်လွင်၏ အမည်မှန်မှာ ဦးတင့်လွင်ဦး ၈/မမန(နိုင်) ၀၀၂၁၈၂ ဖြစ်ပါကြောင်း။

ဦးတင့်လွင်ဦး
၈/မမန(နိုင်)၀၀၂၁၈၂

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(က) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၄၅)၊ မြေဧရိယာ (၀ ဒသမ ၀၄၄) ကေအား မြေငှားဂရန်အမှတ်အမှတ်၊ ၅၉၇/၁၉၉၇-၁၉၉၈(စီမံချက်) အရ ဦးတင်ဖေ၊ ဒေါ်ချစ်ထွေး တို့အမည်ဖြင့် ရရှိခဲ့ပြီး မြေငှားဂရန်မူရင်း စာရွက်စာတမ်းများသည် (၂၃-၁၂-၂၀၀၁)ရက် မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ ကြောင်ငယ်ရပ်မှစတင်၍ မီးလောင်မှု ဖြစ်ပွားခဲ့ရာ မြိတ်တောင်ရပ်ကွက်၊ တံတားဦးရပ်ရှိ မိမိတို့နေအိမ်မှာ မီးလောင်ရာတွင် ပါဝင်သွားခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဒေါ်ချစ်ထွေး ၆/ကစန (နိုင်)၀၂၂၈၈၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

မိခင်အမည်မှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက (ကညင်သုံးဆင့်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6မှ မောင်အောင်စိုးပိုင်(ကျောင်းဝင်အ မှတ်-၀၁၄၈)၏ မိခင်အမည်မှန်မှာ နန့်ခလိန်စမ်း ၁၄/ကကန(နိုင်)၁၃၉၂၅၆ ဖြစ်ပါကြောင်း။

နန့်ခလိန်စမ်း

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၇)ကုန်းဖောက်ကွင်း၊ မြေကွက်အမှတ်(၁၆၅၉)၊ မြေဧရိယာ (၄ ဒသမ ၃၇) ကေအား မြေငှားဂရန်အမှတ်အမှတ်၊ ၁၁၈/၂၀၁၃-၂၀၁၄ အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်အမည်ဖြင့် ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ (က) အမှတ်ပြ မြေဧရိယာ (၀ ဒသမ ၀၇) ကေအား မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးသက်စိုးထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၁၂၀/၂၀၂၅)ဖြင့် ဦးကိုဦးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကိုဦး၊ ၆/ဘပန(နိုင်)၀၀၅၅၈၁ မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၇)ကုန်းဖောက်ကွင်း၊ မြေကွက်အမှတ်(၁၆၆၁)၊ မြေဧရိယာ (၄ ဒသမ ၈၁) ကေအား မြေငှားဂရန်အမှတ်အမှတ် ၁၂၀/၂၀၁၃-၂၀၁၄ အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် အမည်ဖြင့် ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ (ဠ) အမှတ်ပြမြေဧရိယာ (၀ဒသမ ၀၈) ကေအား မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးသက်စိုးထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၅၅/၂၀၂၅)ဖြင့် ဒေါ်နွယ်နွယ်ဦး မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နွယ်နွယ်ဦး (၉/အမရ(နိုင်)၁၂၃၉၀၁) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင် ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြိတ်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်(၂) Diamond Inya Palace Condo ၊ အခန်းအမှတ်(L 27-08) (B4-6) (Level27)ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ Mandalay Golden Wing Construction Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၄၈၃၈၈၅)၏အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နန်းမွှေးကြိုင် (၉/မနမ(နိုင်)၀၃၀၆၃၅)မှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးမြတ်ကျော် (၁၄/ရကန(နိုင်)၀၈၆၈၀၀)နှင့် ဒေါ်ဥမ္မာလင်း (၁၂/လမန(နိုင်)၁၁၉၄၀၁)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)   ဒေါ်ခင်စောသိန်း (LL.B)(စဉ်-၁၃၂၈၆)   ဒေါ်သီမ့်သဥ္ဇလီ (LL.B, LL.M)(စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ   အထက်တန်းရှေ့နေ
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/86915, Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းကို (၉/မဟမ(နိုင်)၀၁၅၃၃၁) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ် ၂.A.N/ ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် (၅+၆+၇/၃)၊ မြေဧရိယာ (၁ ဒသမ ၀၉၇) ကေအား မြေငှားဂရန်အမှတ်အမှတ် ၆၉/၂၀၁၄-၂၀၁၅ အရလည်းကောင်း၊ ဦးပိုင်အမှတ်(၇/၂)၊ မြေဧရိယာ (၄ ဒသမ ၇၄၀) ကေအား မြေငှားဂရန်အမှတ်အမှတ် -၇၀/၂၀၁၄-၂၀၁၅ အရလည်းကောင်း၊ မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး (၁-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးသက်စိုး ၆/မအရ(နိုင်)၀၃၉၄၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ RC ဆိုင်ခန်းအမှတ် (န-၅၃) ဆိုင်ခန်း(၁)ခန်းအား နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်(၂၀၁)၊ အခန်း(၃၂)နေ ဦးမင်းမောင် ၁၂/ကမရ(နိုင်)၀၃၃၃၈၃ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၂၃၀၇)နေ ဦးကျောင်တယ်(ခ)ဦးအောင်ဝင်း ၁၃/လရန(နိုင်)၂၁၇၂၉၅ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်ကွက်၊ အကွက်အမှတ် (၄၆)၊ အကွက်အမည် သဘော်ဆိပ်အကွက်၊ ဦးပိုင်အမှတ်(၇၇)၊ မြေဧရိယာ (၀ဒသမ၀၄၄)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၈၂)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၇၆)
(ဂ) တောင်လားသော် - ရွာလယ်လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၇၆)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း) ပေးရန် ဦးဝင်းဇော်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

